ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၃)

## ဇေယျာသီရိပိမာန်၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုရီးယားသမ္မတနိုင်ငံမှ Canaan Farmer's School ဥက္ကဋ္ဌ Mr.Kim Bum-il နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိပိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)



### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုရီးယားဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ စိုက်ပျိုးရေးသင်တန်းများ ဖွင့်လှစ်ရေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကိုရီးယားသမ္မတနိုင်ငံမှ Canaan Farmer's School ဥက္ကဋ္ဌ Mr.Kim Bum-il နှင့်အဖွဲ့အား ယနေ့ညနေ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိပိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr. Lee Kyung-Woo လည်းတက်ရောက်သည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကိုဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သစ်တည်ဆောက်ရာတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးကြိုးစားစား အလုပ်လုပ်မိမိတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်၊သမိုင်းအစဉ်အလာနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိမဖြစ်လိုအပ်

## ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေး ကျရာအခန်းကဏ္ဍက ပြည်သူလူထုနှင့်လက်တွဲထမ်းဆောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအခိုင်အမာတည်ဆောက်၊ ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်

**ရန်ကုန် စက်တင်ဘာ ၂၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုနည်းပြသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်းမှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

# မြန်မာနိုင်ငံပညာရေး အရှေ့တောင်အာရှ၌ ရင်ပေါင်တန်းနိုင်ရေး နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံဆက်စပ် တက်ညီလက်ညီအကောင်အထည်ဖော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းကိုအရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးအဆင့်အတန်းနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက် ချမှတ်ထားသည်။ ယင်းရည်မှန်းချက်များ အောင်မြင်စေရန် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို နိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းအားလုံးတွင် လွှမ်းခြုံဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စက်တင်ဘာလ ၂၈ရက်နေ့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဗဟိုကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံပညာရေးကော်မတီ၏ (၃/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးပြောကြားရာတွင်-

**"နိုင်ငံသူနိုင်ငံသားများ ပညာရည်မြင့်မားရေး၊ အရှေ့တောင်အာရှပညာရေးကဏ္ဍတွင် ရှေ့တန်းရောက်နေသော နိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ အတိုင်းအတာတစ်ခုအထိ အောင်မြင်နေပြီကို တွေ့မြင်နေရပြီဖြစ်ကြောင်း၊ ဆက်လက်တိုးတက် ဖြစ်ထွန်းစေရေးနှင့် ဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များအားလုံး တစ်ပြေးညီ တိုးတက်ဖြစ်ထွန်း စေရေးတို့အတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန်"**
မှာကြားသွားသည်။

မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာရှိ မိတ်ဖက်တက္ကသိုလ်များနှင့် ချိတ်ဆက်လျက် ပညာဖလှယ်မှုအစီအစဉ်များ၊ အပြန်အလှန်အထောက်အကူပြု အစီအစဉ်များ၊ အပြန်အလှန်လေ့လာရေး၊ ပညာတက်ရောက် သင်ကြားရေး အစီအစဉ်များ စီမံဆောင်ရွက်ပြီး ခေတ်နှင့်လျော်ညီသည့် အဆင့်အတန်း မြင့်မားသော တက္ကသိုလ်များဖြစ်လာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

အခြေခံပညာကဏ္ဍအဆင့်တွင် အခွင့်အလမ်းပွင့် အရည်အသွေးမြင့်၊ ပညာခက်ဖြာဆောင်ရွက်ချက်များ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေရေး၊ သက်လွန်ကလေးများ ပညာသင်ကြားနိုင်ရန်နှင့် မူလတန်းလွန်ကျောင်း တည်ဆောက်မှု၊ သင်ရိုးသစ်ပြုစုမှု၊ ဘဝတွက်တာကျွမ်းကျင်မှု၊ ဘာသာရပ်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးမှု၊ အတန်းအဆင့်တို့တွင် ဘာသာရပ်ရွေးချယ်သင်ယူခွင့် တိုးမြှင့်ပေးမှု စသည်တို့ကို ဖြည့်ဆည်း သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတော်၏ ပညာရေးမျှော်မှန်းချက်များနှင့်အညီ အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ ပညာရေးကဏ္ဍနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာန အသီးသီးကလည်း တီထွင်ကြံဆ ကြိုးပမ်းကြရမည်ဖြစ်သည်။

အခြေခံပညာကဏ္ဍတွင်သာမက အဆင့်မြင့်ပညာကဏ္ဍတွင်ပါ ပညာရေးအရည်အသွေးမြင့်မားရေး အစီအမံများကို နယ်စွန်နယ်ဖျားဒေသများအပါအဝင် တစ်နိုင်ငံလုံး၌ ဖြန့်ကြက်လွှမ်းခြုံဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီစေရန် စီမံဆောင်ရွက်နေသည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်း အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက ပညာရေးမြှင့်တင်မှုအစီအစဉ်များကို တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းပြောကြား

ရန်ကုန် စက်တင်ဘာ ၂၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက အင်္ဂပူမြို့ မြို့နယ်ခန်းမတွင် ကျင်းပသော မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။**

### ရှင်းလင်းပြောကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့် အမှာစကားပြောကြားရာတွင် အသင်းကြီး၏ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း ပြောကြားသည်။




### ဂုဏ်ပြုဆုပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် မအိဖြူခင်၊ ငါးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော မောင်စောဖြိုးပိုင်ကျော်၊ မောင်စောမိုးဦးကိုတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီးတိုင်း၊ ခရိုင်အဆင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ဆက်လက်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အောင်ချက်အကောင်းဆုံးဆုရကျောင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ရာ မြို့နယ်အတွင်း ပထမနှင့် ဧရာဝတီတိုင်းအတွင်း ဒုတိယဆုရ မယ်ဇလီ ကုန်းကျေးရွာ အထက်တန်းကျောင်း၊ ဒုတိယဆုရ ထူးကြီးကျေးရွာ အထက်တန်းကျောင်းနှင့် ချင်းကုန်းကျေးရွာ အထက်တန်းကျောင်းခွဲများမှ ကျောင်းအုပ်ကြီးများသို့ ပေးအပ်ချီးမြှင့်သည်။

### ကွန်ပျူတာလှူဒါန်း

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများကို လက်ခံရယူပြီး မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများသို့ ကွန်ပျူတာတစ်စုံစီ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူပြီး **(အပေါ်ပုံ)** အစည်းအဝေး ပထမပိုင်း အစီအစဉ်ကို ခေတ္တရပ်နားသည်။

အဆိုပါအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။

### ညှိနှိုင်းဖြည့်ဆည်းပေး

ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် အင်္ဂပူဒေသတစ်ဝိုက်ရှိ ထူးကြီးကျေးရွာ ရပ်ကွက်ရုံး၌ ရပ်မိရပ်ဖများ၊ အသင်းဝင်များအား လည်းကောင်း၊ ဘုရားငုတ်တို ကျေးရွာတွဲဖက်အလယ်တန်းကျောင်း ခန်းမ၌ ဘုရားငုတ်တို၊ သံပုရာကွင်း၊ သပြေကွင်း၊ တောင်ပေါ်ကုန်း၊ပေါ်တော်မူကုန်း ကျေးရွာများမှ ရွာသူရွာသားများအားလည်းကောင်း၊ သစ်ဖြူချောင်းကျေးရွာ မူလတန်းကျောင်း၌ ရွာသူရွာသားများနှင့် လည်းကောင်း သွားရောက်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လိုအပ်မှုတင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**(သတင်းစဉ်)**

# တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။** (ယာပုံ)

အခမ်းအနားသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီနှင့် ညွှန်ကြားရေးမှူးများ၊ ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုးယစ်ဗဟိုမှ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ခေါင်းဆောင် (နိုင်ငံတကာဆက်ဆံရေး) ရဲမှူးကြီး စစ်အေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသားများ၊ ဒုတိယပြည်နယ်၊ တိုင်း မြေစာရင်း ဦးစီးမှူးများ၊ ခရိုင် မြေစာရင်း ဦးစီးမှူးများနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ စုစုပေါင်း ၆၀ တက်ရောက်ကြပြီး သင်တန်းတွင် ရဲမှူးကြီးစစ်အေးက မြန်မာနိုင်ငံ၌ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပြဋ္ဌာန်းပြီးနောက် အရေးယူဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

**(သတင်းစဉ်)**



# လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၆၂)

**ပေါက်စ**

အခုတလောမှာ BBC တို့၊ VOA တို့က ထုတ်လွှင့်နေတဲ့ ခေတ်ဆန်း ဂျာနယ် အပိတ်ခံရတယ်ဆိုပြီး နယ်မခြားစည်းမခြားဘဲ နိုင်ငံတကာ သတင်း မီဒီယာထဲမှာ စည်းမဲ့၊ ကမ်းမဲ့၊ သိက္ခာမဲ့၊ ပရမ်းပတာ ကြေညာချက်တွေ ထုတ်နေတာဟာ ပေါက်စ ရယ်ရတယ်ဗျာ။

ဘာလို့လဲဆိုတော့ ခေတ်ဆန်းဂျာနယ်ရဲ့ အခြေအနေမှန်ကို ဘာကမှ မလေ့လာ၊ မစုံစမ်းတော့ဘဲ လေဖမ်းဒန်းစီးပြီး ဖြီးရှော့တွေနဲ့ ပေါက်တတ်ကရ၊ ပေါက်လွှတ်ပဲစားပြောနေတာကတော့ နိုင်ငံတကာ သတင်းမီဒီယာအဖွဲ့ကြီးဆိုတဲ့ ကိုယ့်ဆိုင်းဘုတ်ကို ကိုယ်ကိုယ်တိုင် အိုးမဲသုတ်နေတာပါကလားလို့ ပေါက်စ သနားသဗျ။

ဘယ့်နှယ်ဗျာ၊ မြန်မာစာနယ်ဇင်းလောကမှာ ဂျာနယ်တစ်စောင်၊ မဂ္ဂဇင်းတစ်စောင် ထုတ်ဝေမှုရပ်စဲတယ်ဆိုတာ ဘာကမှ ထူးထွေတည့် အံ့ရာသော် အဖြစ်မျိုး မဟုတ်သလို ပြာလဲ့ကိုဇာချဲ့ရမယ့် ကိစ္စဝိစ္စကြီးလဲ မဟုတ်ပါဘူးခင်ဗျာ။ အယ်ဒီတာလုပ်သူတွေရဲ့ အရည်အချင်းညံ့လို့ မဂ္ဂဇင်း၊ ဂျာနယ် မရောင်းရဘဲ ခွက်ခွက်လန်အောင် ကွဲပြီး ထုတ်ဝေမှုရပ်စဲခဲ့တာရှိသလို ထုတ်ဝေသူနဲ့ အယ်ဒီတာ အကြားမှာ အယူအဆ အငြင်းပွားတာမျိုးနဲ့ ငွေရေးကြေးရေး အရ အပေးအယူ မတည့်ကြတာမျိုးအတွက် လမ်းခွဲနှုတ်ဆက် ထုတ်ဝေမှုပျက်သွားတာမျိုးလဲ ရှိသဗျ။ အဲသဟာအပြင် အယ်ဒီတာတွေက ထုတ်ဝေသူကို ကလိမ်ကကျစ်လုပ်တာတို့၊ ထုတ်ဝေသူက အယ်ဒီတာတွေကို နှစ်ပေါက်တစ်ပေါက် ရိုက်တာတို့ကလဲ ထုတ်ဝေမှုရပ်စဲစေတယ်ခင်ဗျ။ ထို့ပြင်တဝ ရှိသေးတာက စာပေစိစစ်ရေးရဲ့ ချမှတ်ထားတဲ့ စည်းကမ်းတွေ၊ ညွှန်ကြားချက်တွေကို အကြိမ်ကြိမ် ချိုးဖောက်တဲ့အတွက် ထုတ်ဝေခွင့် ပျက်ပြယ်တာမျိုးလဲရှိသဗျ။

သို့ကလိုသော အခြေအနေမျိုးတွေနဲ့ ထုတ်ဝေမှုရပ်တန့်နေတဲ့ မဂ္ဂဇင်းကသုံးစောင်၊ ဂျာနယ်က ခြောက်စောင်ရှိနေသလို မထွက်တစ်ချက် ထွက်တစ်ချက်နဲ့ အသက်ဆက်နေရတဲ့ မဂ္ဂဇင်းက ၁၂စောင်၊ ဂျာနယ်က ၁၁စောင် ရှိသဗျ။ အဲသဟာက ဒီနှစ် ၂၀၀၄ခုနှစ် ဇန်နဝါရီလကနေ စက်တင်ဘာလအတွင်း ပေါက်စလေ့လာလို့ရတဲ့ သတင်းအမှန်ကို မခြွင်းမချန်ဘဲ တွံ့–သင်နယ်စည်းမခြား ရမ်းကားစွာ ပုတ်ခတ်နေတဲ့ သတင်းသမားကြီးများ ဂဏှာဟိမှတ်ကြ လေလော့၊ မှတ်လေလော့လို့ ပြောချင်သဗျ။

အကြောင်းအမျိုးမျိုးကြောင့် ထုတ်ဝေမှုရပ်တန့်တဲ့ အခြားသော ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ ရှိခဲ့ပါတယ်ဗျာ၊ ဘာသံမှမကြားခဲ့ပါဘူး။ ဒီခေတ်ဆန်းဂျာနယ် ထုတ်ဝေခွင့်ရပ်ခဲ့တဲ့ ကိစ္စကိုမှ ပုံသဏ္ဌာန်အမျိုးမျိုး၊ အကြောင်းပြချက်တွေ အမျိုးမျိုးနဲ့ ဆူညံလို့ ပလူပျံသလို အော်နေကြတာကတော့ ထူးဆန်းနေသဗျ။ ပေါက်စ အထင်တော့ အကြံအဖန်သဘောနဲ့ နာမည်ကြီးအောင် ကြော်ငြာဝင်တယ်လို့ ထင်သဗျ။ ဒီလိုတော့ မလုပ်ကောင်းပါဘူးဗျာ။

အဲ...အခုလဲ ခေတ်ဆန်းဂျာနယ် ထုတ်ဝေမှုရပ်စဲတဲ့ ကိစ္စဝိစ္စကြီးဟာ စာပေစိစစ်ရေးနဲ့လဲ မဆိုင်၊ ဘယ်သူနဲ့မှ မဆိုင်ဘဲ ထုတ်ဝေသူနဲ့ပဲဆိုင်သဗျ။ ပြောရမယ်ဆိုရင် ခေတ်ဆန်းဂျာနယ်ရဲ့ ထုတ်ဝေသူက အယ်ဒီတာတွေကို ဂျာနယ် ငှားထားသဗျ။ အယ်ဒီတာတွေက ထုတ်ဝေသူကို ဂျာနယ်ငှားခ အပြေအလည် မှန်မှန်ပေးဖို့တော့ လိုတာပေါ့ဗျာ။ အခုကိစ္စက ထုတ်ဝေသူက သူငှားထားတဲ့ပစ္စည်းကို မငှားချင်လို့ ပြန်ယူလိုက်တာခင်ဗျ။ အဲသဟာကိုပဲ နယ်မထား၊ စည်းမထား ဘာစည်းမျှမထားတဲ့ နိုင်ငံတကာ သတင်းသမားဆိုသူ ပုဂ္ဂိုလ်အထီး အကောင်းစား ကြီးများက သူတို့ရဲ့ ရိုးရာအစဉ်အလာအရပေါ့လေ၊ မြန်မာနိုင်ငံမှာ ဂျာနယ်တစ်စောင်၊ မဂ္ဂဇင်းတစ်စောင် ရပ်တယ်လို့ကြားတိုင်း အစိုးရကိုဆန့်ကျင်ဘက်ရေးလို့ ရပ်လိုက်ရတယ် အပိတ်ခံရတယ်ဆိုပြီး ပိန္နဲပင်ထည့်ငိုတာမျိုးတွေ လုပ်လုပ်နေတာဟာ သတင်းသမားစစ်စစ်တွေရဲ့ အလုပ်မျိုးမဟုတ်ဘူးခင်ဗျ။ လာသေးသဗျ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့ ညနေဖြေနာရီမှာ VOA အသံလွှင့်ဌာနက ထုတ်လွှင့်သွားတဲ့ **"ခေတ်ဆန်းဂျာနယ် ပိတ်ပစ်သည်ဆိုခြင်းနှင့် ပတ်သက်၍ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့နှင့် မြန်မာသတင်းသမဂ္ဂတို့က ကြေညာချက်ထုတ်ပြန်ကြောင်း တင်ပြချက်"** ဆိုတဲ့ ဖျူးခန်းမှာ မြန်မာသတင်းသမဂ္ဂ အမည်ခံ ပြည်ပြေးဝရမ်းပြေးများရဲ့ အငှားလိုက် ဝါဒဖြန့်ပိုစတာရေးသမားမောင်မောင်မြင့်နဲ့ ဖျူးပြန်သဗျ။

အဲဒီဖျူးခန်းမှာ မောင်မောင်မြင့်က ဘယ်လိုတွေဖြီးရှော့ရိုက်သလဲဆိုရင် ခေတ်ဆန်းဂျာနယ်ဟာ ငွေရေးကြေးရေးအရ အပိတ်ခံရတာမဟုတ်ဘဲ အတော်လေးအောင်မြင်လာတဲ့ ဂျာနယ်ဖြစ်ပြီး စောင်ရေ၃၀၀၀ ထုတ်နေရာက မကြာသေးခင်ကပဲ စောင်ရေ၄၀၀၀အထိ တိုးပြီးတော့ထုတ်နိုင်ခဲ့သလို ကြော်ငြာမထည့်ဘဲ လူထုကိုမျက်စိဖွင့်ပေးတဲ့စာစောင်ဖြစ်လို့ စစ်အစိုးရအတွက် မျက်စိစပါးမွေးစူးစရာ ဖြစ်နေသတဲ့ခင်ဗျာ။

**"ကြားရကြားရ နားဝမှာမသက်သာ၊ ရှုက်စရာမျက်နှာပြောင်ပုံက အမှောင်ကို အလင်းပြော အတွင်းသဘောမတည်ကြည် ကလီကမာစကားတွေနဲ့ ဟားရပါကလားကရို့"** ဆိုပြီး ပေါက်စလက်တန်းစာချိုးတစ်ပုဒ်ကို အဆစ်လုပ်ပြီး အနှစ်ချုပ်ပြောရရင် အဲဒီခေတ်ဆန်းဂျာနယ်ရဲ့ နောက်ဆုံးအပတ်ထုတ် ဖြစ်တဲ့ '၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၆ရက်နေ့ထုတ် အမှတ် ၁၆/၀၄ မှာ စောင်ရေ ၁၀၀၀ ထုတ်ဝေတယ်လို့ ပုံနှိပ်ဖော်ပြထားသလို ဂျာနယ်ကိုမှာချင်ရင်၊ ဂျာနယ်မှာကြော်ငြာထည့်ချင်ရင် ဆက်သွယ်ရမယ့်လိပ်စာကိုလဲ ပုံနှိပ်ဖော်ပြထားသေးသဗျ' ပေါက်စ သက်သေအနေနဲ့ အဲဒီစာမျက်နှာကို ပူးတွဲလက်ဆောင်အဖြစ် ဖော်ပြလိုက်ပါတယ်ခင်ဗျာ။


■ စိစစ်ခွင့် ...
■ အယ်ဒီတာအဖွဲ့ ...
ပုံနှိပ်မှတ်တမ်း
- Logo & Cover - KZO
- Layout Design - Plastic Rainbow
- ကွန်ပျူတာစာစီ - Plastic Rainbow
- မြန့်ချိရေး - Plastic Rainbow Book Publication
- စောင်ရေ - ၁၀၀၀
- တန်ဖိုး - ၃၀၀ ကျပ်

Plastic Rainbow Book Publication မှ ဖြန့်ချိသည်။


ခေတ်ဆန်းဂျာနယ်
Plastic Rainbow Book Publication

**အဲသလိုပဲ ခေတ်ဆန်းဂျာနယ်ရပ်စဲခဲ့တာဟာ ထုတ်ဝေသူကိုယ်တိုင်က "ဂျာနယ်တာဝန်ခံ အယ်ဒီတာများနဲ့ ငွေကြေးအခက်အခဲများရှိနေတဲ့အတွက် ဆက်လက်ထုတ်ဝေလိုတဲ့ ဆန္ဒမရှိတော့လို့ စက်တင်ဘာလ ၃၀ ရက်ကစပြီး ဂျာနယ်ကို ခေတ္တရပ်ဆိုင်းခွင့်ပြုဖို့ စက်တင်ဘာလ၂ရက်နေ့စွဲနဲ့ စာပေစိစစ်ရေးကို တင်ပြခဲ့တာဖြစ်သဗျ။ အဲဒီစာအရ စာပေစိစစ်ရေးက ခေတ္တရပ်ဆိုင်းခွင့် ပြုခဲ့တာဖြစ်သလို ခေတ္တရပ်ဆိုင်းတော့မယ် ဆိုတာကိုလဲ ထုတ်ဝေသူက အယ်ဒီတာဦးရွှေကျော်ကို နှုတ်နဲ့အသိပေး အကြောင်းကြားပြီး ဖြစ်တယ်"**တဲ့ ခင်ဗျာ။

ဘယ်လိုလဲခင်ဗျာ၊ အောင်မြင်နေတဲ့ဂျာနယ်ဆိုပြီး စောင်ရေ ၁၀၀၀ ထုတ်သတဲ့လားခင်ဗျာ။ မြန်မာနိုင်ငံရဲ့ လူဦးရေ ၅၃ သန်းကျော်မှာ စောင်ရေ ၁၀၀၀ ထုတ်တယ်ဆိုတော့ အရမ်းအရမ်းကြီး အောင်မြင်နေတဲ့ ဂျာနယ်လို့ပဲ ပေါက်စအပါအဝင် မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအားလုံးက ခံစားနားလည်ပေးရမှာလားခင်ဗျာ။ အဲသဟာအပြင် ဂျာနယ်မှာ ကြော်ငြာမထည့်တာဟာလဲ ကြော်ငြာထည့်မယ့်သူ မရှိလို့ မထည့်တာလား၊ မထည့်ချင်လို့ မထည့်တာလားဆိုတဲ့ အဖြေအတွက် သက်သေအဖြစ် "ကြော်ငြာထည့်ချင်ရင် ဆက်သွယ်ရမယ့် လိပ်စာကြီးက စပ်ဖြဖြနဲ့ ကြည့်နေသဗျ"

အဲ...အဲ–စောင်ရေ၁၀၀၀နဲ့ ၅၃သန်းကျော်ရှိတဲ့ မြန်မာပြည်လူထုကြီးရဲ့ မျက်စိတွေကို အမှောင်ခွင်းပြီး အလင်းဆောင်အောင်ဖွင့်ပေးနေတဲ့ ဂျာနယ်ကြီးကို အစိုးရက စာကြည့်တိုက်ပေါင်း ၈၇၉၄ တိုက် ဖွင့်လှစ်ပေးနိုင်တဲ့အခြေအနေကို ရောက်ရှိနေပြီဖြစ်တယ်ဗျာ။ အဲသဟာအပြင် မြန်မာတစ်နိုင်ငံလုံးမှာရှိနေတဲ့ ကျေးရွာ အုပ်စုပေါင်း ၁၃၄၇၈ အုပ်စုကို ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွေ အများအပြား ဖွင့်လှစ်ဖို့နဲ့ ၂၀၀၅–၂၀၀၆ ခုနှစ်မှာ နိုင်ငံအတွင်းရှိ ကျေးရွာပေါင်း ၃၀၀၀၀ကျော်ကို ဆက်လက်တိုးချဲ့ဖွင့်လှစ်နိုင်ဖို့လဲ စီစဉ်ဆောင်ရွက်နေသလို "ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့" ဆိုတဲ့ ဆောင်ပုဒ်နဲ့ နေ့စဉ်သတင်းစာတွေမှာ မေတ္တာရပ်ခံထားတဲ့ ကြေညာချက်ထည့်သွင်းဖော်ပြပြီး စေတနာရှင်ပြည်သူတွေရဲ့ အကူအညီလဲ ရယူနေတယ်ဗျာ။

**နိုင်ငံတော်အစိုးရအနေနဲ့ ဒီနေ့ကာလမှာ ပြည်သူတွေကို အသိအမြင်တိုးတက်ခေတ်မီဖို့ မျက်စိပွင့်၊ နားပွင့်ဖို့အတွက် ထုတ်ဝေခွင့်ပြုထားတဲ့ ဂျာနယ်ပေါင်း၁၄၄စောင်နဲ့ မဂ္ဂဇင်း၂၃၄စောင်၊ သုတ၊ ရသစာအုပ်စာတမ်းက ၉၇၅၈ ထုတ်ဝေခွင့်ပြုသလို ပုံနှိပ်သူမှတ်ပုံတင်ပေါင်းက ၄၉၄၇ဦးရှိတဲ့အပြင် မြို့နယ်တိုင်းမှာ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ စာကြည့်တိုက်တွေ ဖွင့်ပေးထားတယ်ဗျာ။**

မျက်စိစပါးမွေး မစူးတဲ့အပြင် မြင်တောင်မြင်ဘူးရဲ့လား မသိပါဘူးခင်ဗျာ။

ပြောမယ်ဆိုရင် **နိုင်ငံတော်အစိုးရအနေနဲ့ ဒီနေ့ကာလမှာ ပြည်သူတွေကို အသိအမြင်တိုးတက်ခေတ်မီဖို့ မျက်စိပွင့်၊ နားပွင့်ဖို့အတွက် ထုတ်ဝေခွင့်ပြုထားတဲ့ ဂျာနယ်ပေါင်း ၁၄၄ စောင်နဲ့ မဂ္ဂဇင်း ၂၃၄ စောင်၊ သုတ၊ ရသစာအုပ်စာတမ်းက ၉၇၅၈ ထုတ်ဝေခွင့်ပြုသလို ပုံနှိပ်သူမှတ်ပုံတင်ပေါင်းက ၄၉၄၇ ဦးရှိတဲ့အပြင် မြို့နယ်တိုင်းမှာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရဲ့ စာကြည့်တိုက်တွေ ဖွင့်ပေးထားတယ်ဗျာ။** အခုဆိုရင် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံရဲ့ လူဦးရေအများဆုံးနေထိုင်တဲ့ ကျေးလက်ဒေသတွေမှာ စာကြည့်တိုက်တွေဖွင့်လှစ်ဖို့အတွက် စီစဉ်ဆောင်ရွက်နေတာဟာ ဒီနေ့ကာလမှာ စေတနာရှင်ပြည်သူတွေရဲ့ ပူးပေါင်းကူညီမှုနဲ့ ကျေးလက်

ကဲ...ပေါက်စ စကားကို အတိုကျဉ်းသဘောနဲ့ လိုရင်းပြောရရင် အခုလိုမျိုး ခေတ်ဆန်းဂျာနယ်ကို ထုတ်ဝေသူက သူ့သဘော၊ သူ့ဆန္ဒနဲ့ သူ့အခြေအနေအရ ရပ်စဲတာနဲ့ ပတ်သက်ပြီး ဘာကမှမလေ့လာ၊ မစုံစမ်းတော့ဘဲ တောရမ်းတောင်ရမ်း လေဖမ်းဒန်းစီး၊ ဖြီးရှော့ရိုက်လုပ်ဇာတ်တွေနဲ့ မြန်မာနိုင်ငံအစိုးရကို ပုတ်ခတ်နေတဲ့ စည်းမရှိ၊ ကမ်းမရှိ၊ သိက္ခာမရှိကြတဲ့ နယ်မခြားစည်းမခြား ဘာကလနားမှုမရှိတဲ့ နိုင်ငံတကာသတင်းသမား ဆိုသူများရော၊ မြန်မာပြည်ပြေးဝရမ်းပြေးများရဲ့ ပါးစပ်အငှားလိုက် ကြော်ငြာပိုစတာ ကန်ထရိုက်သမားများဖြစ်တဲ့ နှစ်ယောက်တစ်ပိုင်း မြန်မာသတင်းသမဂ္ဂ၊ ပြည်ပြေးဝရမ်းပြေးများရော စသည် စသည် ကလီကမာပုဂ္ဂိုလ်အထီးအကောင်းစားကြီးများဟာ **"လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ"** ဆိုတဲ့ အတန်းအစားတွေဖြစ်တဲ့အကြောင်း ပေါက်စ စလောင်းမကူဘဲ မောင်းတဒူဒူခတ်ပြီး ကြေညာအပ်ပါတယ် ခင်ဗျား။ ။


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၈၇၉၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန





**စက်တင်ဘာ၂၁ ရက်ကပန်းဘဲတန်းမြို့နယ် အမှတ်(၅) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့်နယ်လှည့် စာကြည့်တိုက် နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲကျင်းပ ရာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိဦးစိန်တိုး၊ မြို့နယ်ဥက္ကဋ္ဌဦးတင်အုန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# မိုဆူးလ်ရှိ အီရတ်အစောင့်တပ်ဖွဲ့အား ကားဗုံးခွဲတိုက်ခိုက် ဘဂ္ဂဒက် ရဲအတတ်သင်ကျောင်း စိန်ပြောင်းဖြင့်ပစ်ခတ်ခံရ

မိုဆူးလ် စက်တင်ဘာ ၂၈

**အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ရှိ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့၏ အခြေစိုက်စခန်းအား ပစ်မှတ်ထားပြီး ကားဗုံးခွဲတိုက်ခိုက်ခဲ့မှုကြောင့် လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

ထို့ပြင် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည် ဘဂ္ဂဒက်အရှေ့ပိုင်းရှိ ရဲအတတ်သင်ကျောင်းကို တနင်္လာနေ့၌ စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့သော်လည်း ထိခိုက်သေဆုံးသည့်သတင်းမရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

**ပျက်စီးမှုမရှိ**

ထိုနေ့၌ ကျောင်းအနီးသို့ စိန်ပြောင်းကျည်ငါးလုံး ကျရောက်ခဲ့ကြောင်း၊ အဆောက်အအုံ ပျက်စီးမှုမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အက်ဒ်နန်အဗ္ဗဒူရာမန်က ပြောကြားသည်။

ဘဂ္ဂဒက်အရှေ့ပိုင်း ဆာဒါစီးတီးတွင် ခုခံတိုက်ခိုက်ရေးသမားတို့၏စခန်းများအား တနင်္လာနေ့အစောပိုင်း၌ အမေရိကန်လေယာဉ်များက ပစ်ခတ်ခဲ့ကြောင်း ဒေသခံများနှင့်ဆရာဝန်များက ပြောဆိုသည်။ ဆာဒါစီးတီးဆေးရုံမှ ဆရာဝန်တစ်ဦးက ယင်းသို့တိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း ပြောကြားသည်။

**ရွှေ့ပြောင်း**

အမေရိကန်လေယာဉ်များက တိုက်ခိုက်မှုကြောင့် လူ ၄၀ ဒဏ်ရာရပြီး သုံးဦးမှာ အခြေအနေဆိုးသဖြင့် အခြားဆေးရုံများသို့ ရွှေ့ပြောင်းပေးထားရကြောင်း ၎င်းဆရာဝန်က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



# အီရတ်အခြေအနေ မှန်မှန်တိုးတက်လာဟု ဘုရှ် ပြောဆိုသော်လည်း အမှန်တကယ်အခြေအနေမှာ ပိုဆိုးလာကြောင်း ဂျွန်ကယ်ရီပြောကြား

ကရောဖို့ဒ် စက်တင်ဘာ ၂၇

**အီရတ်ရဲအဖွဲ့အား လေ့ကျင့်သင်ကြားခြင်းနှင့်ပြန်လည်တည်ဆောက်ခြင်းမှ ဇန်နဝါရီရွေးကောက်ပွဲများအတွက် ပြင်ဆင်မှုများအထိ အီရတ်၌ တိုးတက်မှုအခြေအနေများကို သမ္မတဘုရှ်၏ အခိုင်အမာပြောဆိုချက်များသည် အငြင်းပွားစရာများဖြစ်ကြောင်း ပင်တဂွန်မှတ်တမ်းများ၊ ဥပဒေပြဋ္ဌာန်းသူများနှင့် ကွန်ဂရက်ဆိုင်ရာ အရာရှိများက ပြောဆိုကြသည်။**

ပြိုင်ဘက်ဒီမိုကရက်တစ် သမ္မတလောင်း ဂျွန်ကယ်ရီက အီရတ်၌ အမှန်တကယ်ဖြစ်နေသော အခြေအနေသည် တစ်စတစ်စ ပိုဆိုးလာနေကြောင်း ပြောဆိုခဲ့သည်ကို လွန်ခဲ့သည့်အပတ်၌ အီရတ်ကြားဖြတ်ဝန်ကြီးချုပ် အလာဝီနှင့်ခရီးထွက်စဉ် အီရတ်အခြေအနေသည် မှန်မှန်တိုးတက်လာနေကြောင်း ဘုရှ်က တုံ့ပြန်ပြောဆိုခဲ့သည်။

ဘုရှ်သည် ဇန်နဝါရီ၌ ကျင်းပမည့် အီရတ်ရွေးကောက်ပွဲများအတွက် ပြင်ဆင်မှုများနှင့်စပ်လျဉ်း၍ အီရတ်၏ရွေးကောက်ပွဲကော်မရှင်သည် အောင်မြင်မှုရနေကြောင်းနှင့် ကုလသမဂ္ဂ ရွေးကောက်ပွဲ အကြံပေးပုဂ္ဂိုလ်များ အီရတ်၌ရောက်ရှိနေကြောင်း ပြောကြားခဲ့သည်။

**တိုးမြှင့်လာမည်**

လေ့ကျင့်မှုနှင့် လက်နက်ကိရိယာ အပြည့်အစုံတပ်ဆင်ပေးထားသော အီရတ်တပ်ဖွဲ့ဝင်များ၊ ရဲအဖွဲ့ဝင်များနှင့် အခြားလုံခြုံရေးပုဂ္ဂိုလ် ၁၀၀၀၀၀ နီးပါးသည် လုပ်ငန်း၌ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်ပြီး ယခုနှစ်ကုန်၌ ဦးရေ ၁၂၅၀၀၀ အထိ တိုးမြှင့်လာမည်ဖြစ်ကြောင်း ဘုရှ်က ပြောဆိုခဲ့သည်။

**သံသယဖြစ်**

လာမည့်လအနည်းငယ်တွင် အီရတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ဒေါ်လာကိုးဘီလီယံကျော်သုံးစွဲမည်ဟုလည်း ဘုရှ်က ကတိပေးထားခဲ့သည်။ သို့ရာတွင် အဆိုပါအခိုင်အမာ ပြောဆိုချက်များကို ဥပဒေပြဋ္ဌာန်းသူများ၊ ကွန်ဂရက်လက်ထောက်အရာရှိများ၊ ကျွမ်းကျင်သူများနှင့် ပင်တဂွန်မှတ်တမ်းမှတ်ရာများက သံသယဖြစ်ခဲ့ကြသည်။

**ဖော်ပြထား**

ပင်တဂွန်မှတ်တမ်းမှတ်ရာများတွင် လက်ရှိ အီရတ်ရဲတပ်ဖွဲ့ဝင် ၉၀၀၀၀နီးပါးအနက် ၈၁၆၉ ဦးကိုသာ သီတင်းရှစ်ပတ် အပြည့်အဝ လေ့ကျင့်သင်ကြားပေးထားခဲ့ကြောင်း၊ အခြား ၄၆၁၇၆ဦးမှာ စာရင်းသွင်းထားရုံသာရှိပြီး လေ့ကျင့်သင်ကြားမပေးရသေးကြောင်း အပြည့်အဝ လေ့ကျင့်သင်ကြားပေးထားသော ရဲအဖွဲ့ဝင် ၁၃၅၀၀၀ ရှိရေး ရည်မှန်းချက်သစ်သည် ၂၀၀၆ ခုနှစ်၌ အကောင်အထည်ပေါ်မည်ဖြစ်ဖြစ်ကြောင်း ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

# ဖော်လူဂျာမြို့အား အမေရိကန်တို့ လေကြောင်းမှထပ်မံတိုက်ခိုက် သေဆုံးဒဏ်ရာရသူများတွင် အမျိုးသမီးနှင့် ကလေးများပါဝင်

ဖော်လူဂျာ စက်တင်ဘာ ၂၇

**အမေရိကန်တပ်ဖွဲ့များသည် ဖော်လူဂျာမြို့အား စနေနေ့ညက အဘူမူဆက်အယ်လ်ဇာကာဝီကို သစ္စာခံသော အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့ပြုလုပ်သည့် အစည်းအဝေးကို ပစ်မှတ်ထားပြီး လေကြောင်းမှ ထပ်မံတိုက်ခိုက်ခဲ့ကြသည်။**

စစ်ဆင်ရေးကိစ္စအတွက် အီရတ်ခုခံတိုက်ခိုက်ရေးသမား ၁၀ ဦးခန့် အိမ်တစ်အိမ်၌ ထိုနေ့ညက အစည်းအဝေးပြုလုပ်နေသည်ကို ပစ်မှတ်ထားပြီး လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

**တိုက်ခိုက်**

ထိုသို့အမေရိကန်တို့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် လူရှစ်ဦး သေဆုံးပြီး ၁၇ဦး ဒဏ်ရာရခဲ့ကြောင်း အနီးရှိဆေးရုံမှ ဆရာဝန် အင်နာ့ခ်အာမက်က ပြောကြားသည်။

စနေနေ့က တိုက်ခိုက်မှုသည် ၂၄ နာရီအတွင်း တတိယအကြိမ်တိုက်ခိုက်ခြင်းဖြစ်ပြီး ဗုံးနှစ်လုံးကြဲချခဲ့သည်။ သေဆုံးဒဏ်ရာ ရရှိသူများတွင် အမျိုးသမီးများနှင့်ကလေးများ ပါဝင်ကြောင်း ဆရာဝန်များက ပြောဆိုသည်။

**ယူဆထား**

ဇာကာဝီသည် ဖော်လူဂျာမြို့တွင်း၌ ပုန်းအောင်းပြီး လှုပ်ရှားမှုများကို ထိုနေရာမှနေ၍ ညွှန်ကြားဆောင်ရွက်နေကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ယူဆထားသည်။ **အမ်အင်အေ၊ရိုက်တာ**

### လုံခြုံရေး စောင့်ကြပ်

**ဘဂ္ဂဒက်မြို့လယ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာအနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၂၈ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# စက်တင်ဘာ ၂၈ ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၅၁ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂၉

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

စက်တင်ဘာ ၂၈ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၅၁ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၇၉၈ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၅၃ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

**သေဆုံး**

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူလ်ဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်းရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့တစ်ဦးစီသေဆုံးခဲ့ကြသည်ဟုဆိုသည်။ သမ္မတ ဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၉၁၃ဦးဖြစ်ပြီး ယင်းအနက် ၆၈၉မှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၄ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

**ဘဂ္ဂဒက်မြို့ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော ကလေးငယ်တစ်ဦးအား ဆေးကုသမှုခံယူရန် ဆေးရုံသို့ ပွေ့ချီလာသည်ကို စက်တင်ဘာ ၂၇ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)





မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများ၏အစည်းအဝေး မြန်မာနိုင်ငံ၌ကျင်းပပြုလုပ်ရေးနှင့်ပတ်သက်၍ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ အမှာစကားပြောကြားစဉ်။ (ပြည်ထဲရေး)

# မဲခေါင်ဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပရေးလုပ်ငန်းကော်မတီ စည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၉

**မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်နှင့်အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို မြန်မာနိုင်ငံ၌ ၂၀၀၄ခုနှစ် အောက်တိုဘာ၂၇ရက်မှ ၂၉ရက်အထိ ကျင်းပရေးနှင့်ပတ်သက်၍ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေးသို့ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ်၊ ရဲထောက်ချုပ်၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့ရုံး၊ ကွပ်ကဲရေးမှူးနှင့် ဦးစီးအရာရှိကြီးများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်းနှင့် ကုလသမဂ္ဂ မဲခေါင်မြစ်ဝှမ်းဒေသ လူကုန်ကူးမှုတိုက်ဖျက်ရေးအစီအစဉ်၊ ဗန်ကောက် အခြေစိုက်ဒေသခွဲရုံးမှ ဒုတိယစီမံကိန်းမန်နေဂျာ ဒေါက်တာဒေါ်စုစုသာထွန်းနှင့် ဆီဒိုးနားဟိုတယ်မှ ကိုယ်စားလှယ်တို့တက်ရောက်ကြသည်။

**အောင်မြင်စွာကျင်းပရေး**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မဲခေါင်ဒေသအတွင်းရှိ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာအသီးသီးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး ဆပ်ကော်မတီများက သက်ဆိုင်ရာ လုပ်ငန်းအလိုက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများကဖြည့်စွက်အကြံပြုဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်( ရေ )တံခွန်စိုက်ဒိုင်း အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲဆုပေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၀၄ခုနှစ်ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း၊ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ ပိတ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရောဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ ဌာနချုပ်များ၊ စစ်ရေယာဉ်စုများ၊ ပင်မတပ်များ၊ တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိကြီးများ၊အရာရှိစစ်သည်များ၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

**ထောက်ပံ့ပေးအပ်**

ဆုပေးပွဲ မစတင်မီ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်မှဦးစိန်သောင်းက တပ်မတော်(ရေ) ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးတင်ထွင့်အေးသို့ ဘော်လီဘော အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုကို မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ ဦးစိန်သောင်းကလည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းကလည်းကောင်း ချီးမြှင့်ပြီး ကျန်ဆုများကို တာဝန်ရှိသူများက အသီးသီး ချီးမြှင့်ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

# သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အကြို အလှူငွေနှင့်ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

**၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်း အမှတ်အကြိုအလှူငွေနှင့်ဆေးဝါးပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park) ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေး ကော်မတီနာယက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၏ ဇနီး ဒေါ်ခင်အေး၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်နှင့်ဇနီး ဒေါ်ခင်နွယ်နွယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဘိုးသန်းနှင့်လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အစီအစဉ်အရ ၂၀၀၄ ခုနှစ်အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အကြိုအဖြစ် အလှူရှင်များဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့က ငွေကျပ်တစ်သိန်းစီ၊ မင်္ဂလာကုမ္ပဏီလီမိတက်မှ ဦးဇော်မင်းက ငွေကျပ်ခြောက်သိန်းငါးသောင်း၊ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးမောင်မောင်၊ ဦးမောင်မောင်စိန်နှင့်ညီများတို့က ဆေးပစ္စည်းငါးမျိုး တန်ဖိုးငွေ ကျပ် ၅၀၂၈၀၀၊ ရွှေကမ္ဘာ မောင်မောင်ဆောက်လုပ်ရေးမှဦးမောင်မောင်နှင့် ရွှေနန်းတော်မှ ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာ ဒေါ်သက်သက်ခိုင်တို့က ငွေကျပ်ငါးသိန်းစီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ် ဟိန္ဒူဖောင်ဒေးရှင်းဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်က ငွေကျပ် ၁၀၀၃၅၀၀၊ ACE ဆောက်လုပ်ရေးမှ ဦးတင့်ဆန်းက ငွေကျပ်ငါးသိန်း ၊ Zydus Cadila Co., Ltd. မှ ဒေါက်တာအောင်သက်ဦးက ဆေးပစ္စည်းနှစ်မျိုး တန်ဖိုးငွေကျပ် ၄၅၀၀၀၀၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနက အလှူငွေကျပ်သုံးသိန်းနှင့် ဆေးဝါးပစ္စည်း တန်ဖိုးငွေ ၁၃၃၈၉၆ ကျပ် အပါအဝင် ငွေ ၄၃၃၈၉၆ ကျပ်၊ Medi Myanmar Group Co., Ltd. မှ ဒေါက်တာဝင်းစည်သူ-ဒေါက်တာစုလှဟန်တို့က ဆေးပစ္စည်း ၁၃ မျိုး တန်ဖိုးငွေကျပ် ၄၀၅၆၉၀၊ ဝင်းနှင့်သားများ ကုမ္ပဏီလီမိတက်က ကယ်လ်ဆီယမ်ကွေကာ တန်ဖိုးငွေကျပ် ၃၆၀၀၀၀၊ FAME Pharmaceuticals က ဆေးပစ္စည်းသုံးမျိုး တန်ဖိုးငွေကျပ် ၃၅၀၀၀၀၊ Great Luck Co.,Ltd. မှမန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွန်းက ဆေးပစ္စည်းများ တန်ဖိုးငွေကျပ်၃၄၆၄၀၀၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့်ပညာရေးမိသားစု၊ ရွှေပုစွန်မုန့်တိုက်မှ အဂ္ဂမဟာသီရိသုဓမ္မ သင်္ဂီဒေါ်ခင်နွဲ့ရီ၊ သား ဒေါက်တာ တင်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင်နှင့် San Far Travels&Tours က ဦးသန်းဦး-ဒေါ်နှင်းကြည်တို့က ငွေကျပ်သုံးသိန်းစီ၊ ZAN ရုပ်ရှင်ထုတ်လုပ်ရေးက"တစ်ခါကရောဝတီ ညများ"ရုပ်ရှင်ကားအတွက်နှင့် ရဲကျော်သူ ရုပ်ရှင်ထုတ်လုပ်ရေးက "အကယ်ဒမီပြုံးချိုကြီး" ရုပ်ရှင်ကားအတွက်ငွေကျပ်၃၄၈၂၅၀စီ၊ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်းက ဆေးနှစ်မျိုး တန်ဖိုးငွေ ကျပ် ၂၂၃၀၀၀၊ Medlite Co., Ltd. က ဆေးလေးမျိုးတန်ဖိုးငွေကျပ် ၂၀၆၆၀၀၊ ရတနာဝင်းသုံးဆယ်ကုမ္ပဏီလီမိတက်မှ သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးခင်မြင့်-ဒေါ်သန်းသန်းဝင်း၊ သမီး ခင်ရတနာဝင်း၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်၊ KN Co., Ltd. မှ သီဟသုဓမ္မမဏိ ဇောတဓရ KN ဦးတင်ဝင်း-ဒေါ်စန်းဝင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့်ပညာရေးမိသားစုနှင့် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့်ပညာရေးမိသားစုတို့က ငွေကျပ်နှစ်သိန်းစီ အပါအဝင်အလှူရှင် ၁၀၁ ဦးတို့က ဆေးဝါးပစ္စည်းများတန်ဖိုးငွေ ၃၉၇၃၇၀၆ ကျပ်နှင့် ငွေကျပ်၁၀၉၂၉၁၉၀ စုစုပေါင်း ငွေကျပ် ၁၄၉၀၂၈၉၆ ကျပ်တို့ကို ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ရီနှင့်ကျင်းပရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်က အလှူရှင်များအား ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အလှူငွေနှင့်ဆေးဝါးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၂နာရီ၁၅မိနစ်တွင်ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**




**၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြို လှူပ်ရှားမှု ငွေလှူဒါန်းပွဲ အခမ်းအနားတွင် ဦးမောင်မောင်၊ ဦးမောင်မောင်စိန်နှင့် ညီများ(ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)ကတိုင်းရင်းဆေးတန်ဖိုး ငွေကျပ် ၅၀၂၈၀၀ ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့် လက်ခံယူစဉ်။ (လူမှုဝန်ထမ်း)**



## အမှာစကားပြောကြား

**လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြို့သစ်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**




■ **ကျောဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊မုံရွာခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ ဘုတလင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွား၊ အေရိုးဗစ်အက အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များ၊ ဘုတလင်မြို့ပေါ်ရပ်ကွက် (၃)ရပ်ကွက်၊ ကျေးရွာအုပ်စု (၇)အုပ်စု၊ကျေးရွာပေါင်း ၂၂ရွာတို့မှ ဒေသခံ ပြည်သူများနှင့် တာဝန်ရှိသူများအပါအဝင် စုစုပေါင်း အင်အား ၄၀၀၀ကျော် တက်ရောက်ကြသည်။



**စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး မြို့သစ်ရေလှောင်တမံ ဖွင့်ပွဲ အခမ်းအနားတွင်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် မြို့သစ်ရေလှောင်တမံမှာ စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်း တည်ဆောက်ထားသည့် ရေလှောင်တမံဖြစ်ပြီး လယ်မြေဧက ၂၅၀၀ ကို ရေပေးဝေနိုင်မှာဖြစ်ကြောင်း။

### အလေးထားတည်ဆောက်

စစ်ကိုင်းတိုင်းသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အကြားတွင် ရှည်လျားကျယ်ပြန့်စွာ တည်ရှိနေသော နယ်မြေတစ်ခုဖြစ်ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းရှိ မြို့နယ်များသည် ပူပြင်းခြောက်သွေ့ကာ ရေရှားပါးသည့် ဒေသများဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းအပါအဝင် ရေရှားပါးသော အထက်အညာဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေပြေ လုပ်ကိုင်နိုင်ရန်၊ သောက်သုံးရေရရှိပြီး လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် ရနိုင်သမျှ ရေအရင်းအမြစ်များကို ဖော်ထုတ်ပြီး ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ မြစ်ရေတင် စီမံကိန်းများကို နိုင်ငံတော်အစိုးရက အလေးထားကာ တစ်ခုပြီးတစ်ခု တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်းမှာဆိုလျှင် ယခုဖွင့်လှစ်သည့် မြို့သစ်ရေလှောင်တမံ အပါအဝင် ဆည်တမံလုပ်ငန်း စုစုပေါင်း ၁၈ခုကို အသစ်တည်ဆောက်ပေးခဲ့ပြီး ဒေသန္တရဆည်ကန်၊ ကိုယ့်အားကိုယ်ကိုး ဆည်ကန်တို့ ပေါင်းစပ်လိုက်မည်ဆိုလျှင် စစ်ကိုင်းတိုင်းအတွင်း၌ ဆည်ရေ သောက်သုံးနိုင်သည့် စိုက်ပျိုးမြေဧရိယာ ဧကရှစ်သိန်းကျော် ရှိသွားပြီဖြစ်ကြောင်း။

ထို့ပြင် စစ်ကိုင်းတိုင်းအတွင်းမှာပင် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၀ခုနှင့် ဒီဇယ်မြစ်ရေတင် လုပ်ငန်း ၃၉၃ခု စုစုပေါင်း မြစ်ရေတင်လုပ်ငန်း ၄၉ ခုကို တည်ဆောက်ခဲ့ပြီး စိုက်ပျိုးမြေဧက ၆၈၀၀၀ ကျော်ကို အကျိုးပြုနေပြီဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း၏ ထူးခြားချက်မှာ သဘာဝ မြေအောက်ရေရရှိရေးလုပ်ငန်းများ ဖော်ထုတ်နိုင်သည့်အတွက် စိုက်ပျိုးမြေဧက ၅၀၀၀ ကျော် ရေရရှိနေခြင်းပင်ဖြစ်ကြောင်း။

### ကာကွယ်စောင့်ရှောက်

ရေရရှိရေးလုပ်ငန်းအစုစုကို ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်မှုနှင့်အတူ သဘာဝသစ်တော၊ သစ်ပင်ထိန်းသိမ်းကာကွယ်ခြင်း၊ တိုးချဲ့စိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းများထူထောင်ခြင်း၊ ထင်းအစား အခြားလောင်စာ တိုးချဲ့အသုံးပြုခြင်း စသည့်လုပ်ငန်းများကိုလည်း နိုင်ငံတော်နှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်း အကောင်အထည်ဖော်နိုင်ခြင်းပင် ဖြစ်ကြောင်း၊ သဘာဝကို သဘာဝအတိုင်းပြုပြင်မွမ်းမံမှု၊ စောင့်ရှောက်ထိန်းသိမ်းမှု မပြုလုပ်ဘဲ ပစ်ထား၍မဖြစ်ကြောင်း၊ လူ့စွမ်းအား ဝီရိယစိုက်ထုတ်ပြီး ထိန်းသိမ်းပြုစု ကာကွယ်စောင့်ရှောက်သွားကြရမှာ ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းသည် ရေအရင်းအမြစ်ဖော်ထုတ်အသုံးချရာမှာရော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရာမှာပါ စံပြတိုင်းနယ်မြေဖြစ်ရန် အထူးလိုအပ်လှကြောင်း။



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး မြို့သစ်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

နိုင်ငံတော်အစိုးရ၏ ကြိုးစားဖန်တီးပေးမှုကြောင့် နိုင်ငံတော်၏ အကြီးမားဆုံး သဖန်းဆိပ်ရေလှောင်တမံကြီးနှင့်အတူ ရေပေးဝေမှုလုပ်ငန်း အစုစုကြောင့် စစ်ကိုင်းတိုင်းအတွင်း ရေသောက်ဧရိယာ တိုးတက်များပြားလာသကဲ့သို့ အသားတင်စိုက်ပျိုးမြေ ဧရိယာမှာလည်း သိသိသာသာ တိုးတက်များပြားလာလျက်ရှိကြောင်း၊ **လွန်ခဲ့သည့် ၁၅နှစ်ခန့်က စစ်ကိုင်းတိုင်း၏ အသားတင်စိုက်ပျိုးမြေဧရိယာဧကသည် ၂၈သိန်းခန့်ရှိရာမှ ယခုအခါ ဧကသိန်း ၄၀အထိ တိုးတက်ဖြစ်ပေါ်လာသည့်အတွက် စိုက်ပျိုးမြေဧက ၁၂သိန်းခန့် ပိုမိုတိုးတက်နေပြီဖြစ်ကြောင်း။**

ထို့ကြောင့်လည်း ဆန်စပါးများ တိုးချဲ့စိုက်နိုင်ပြီး ဆန်စပါးဖူလုံရုံသာမက ပိုလျှံနေသည့်တိုင်းဖြစ်သည့်အတွက် အထက်မြန်မာပြည်၏ စပါးကျီအဖြစ် ခိုင်မာစွာရပ်တည်နိုင်ရန်အတွက် စပါးတင်း သိန်း ၈၀၀ ပိုလျှံရမည်ဆိုသော ရည်မှန်းချက်နှင့် ဆန်စပါးတိုးချဲ့စိုက်နေပြီဖြစ်ကြောင်း၊ ဆန်စပါးနှင့်အတူ ကျန်အဓိကသီးနှံများဖြစ်သော ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ဝါနှင့်ကြံတို့ကိုလည်း တိုးချဲ့စိုက်ပျိုး ထုတ်လုပ်လျက်ရှိသည့်အတွက် စစ်ကိုင်းတိုင်းသည် စီးပွားရေးအရ နိုင်ငံတော်အတွက် အားထားရသည့် တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း။

### ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်

နိုင်ငံတော်အစိုးရအနေဖြင့် အားသာသည့် ပြည်နယ်၊ တိုင်းများကိုရော၊ အားနည်းသည့်ပြည်နယ်၊တိုင်းများနှင့် နယ်စပ်ဒေသများပါ ဟန်ချက်ညီညီ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ဖြစ်သော နယ်စပ်ဒေသ တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီးများစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို တစ်ပြိုင်တည်း အကွက်ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

ထို့ကြောင့်လည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကိုလည်း နိုင်ငံတော် တစ်နံတစ်လျားတွင် ပြည့်စုံလုနီးပါး ထူထောင်ပြီးဖြစ်ကြောင်း၊ စီးပွားရေးအဆောက်အအုံ၊ ပညာရေးအဆောက်အအုံ၊ ကျန်းမာရေး အဆောက်အအုံ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အဆောက်အအုံများ ဖြစ်ထွန်းလာမှုနှင့်အတူ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည်လည်း မည်သည့်အချိန်ကာလမျိုးနှင့်မျှ မတူဘဲ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလျက်ရှိနေပြီ ဖြစ်ကြောင်း။

### မူဝါဒလမ်းစဉ်(၇)ရပ်

ယင်းသို့ အခြေအနေမျိုးတွင် နိုင်ငံတော်၏သမိုင်းအစဉ်အလာ၊ ဓလေ့ထုံးတမ်းများနှင့် ဆီလျော်ညီညွတ်သည့် ဒီမိုကရေစီစနစ်ကို ကူးပြောင်းကျင့်သုံးနိုင်ရန်အတွက် လက်တွေ့ကျသည့် နိုင်ငံရေးမူဝါဒ လမ်းစဉ်(၇)ရပ်ကို ခိုင်မာရှင်းလင်းစွာ ချမှတ်ပြီးဖြစ်ကြောင်း၊ ယင်းအသွင်ကူးပြောင်းရေးလုပ်ငန်း အစီအစဉ်အတိုင်း နိုင်ငံတော်ကို စစ်မှန်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် လမ်းကြောင်းမှန်မှန် ထူထောင်သွားမှာ ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေး တောင့်တင်းသည်ထက် တောင့်တင်းအောင် ဝိုင်းဝန်းကြိုးပမ်းကြသကဲ့သို့ နိုင်ငံတော်၏ နိုင်ငံရေးမူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက်လည်း နိုင်ငံတော်နှင့်အတူ ဦးထမ်းပဲ့ထမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် မှာကြားလိုသည်မှာ—

- **ယနေ့ဖွင့်လှစ်လိုက်သည့် မြို့သစ်ရေလှောင်တမံ အရှည်တည်တံ့အောင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများသာမက ဒေသခံပြည်သူများ အားလုံးကပါ ဝိုင်းဝန်းစောင့်ရှောက်သွားကြပါ၊**
- **ဆည်ရေကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **မိမိဒေသအတွင်း ရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ လူနေမှုဘဝ မြင့်မားရေးတို့အတွက် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ကြပါ၊**
- **ကျေးလက်ဒေသများ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာရအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ညီလက်ညီပူးပေါင်း ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် မြို့သစ်ရေလှောင်တမံစီမံကိန်းသည် မိုးနည်းရေရှား ရပ်ဝန်းဒေသဖြစ်သော စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေဖူလုံရေး၊ ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေး အထောက်အကူဖြစ်စေမည့်အပြင် မုံရွာမြို့ကို ရေလွှမ်းမိုးမှုဖြစ်စေသည့် သဒဲချောင်းရေစီးမှုပမာဏကို အတိုင်းအတာတစ်ခုထိ ဟန့်တားသိုလှောင်နိုင်သော ဆည်တစ်ခုဖြစ်သည့်အတွက် များစွာအကျိုးရှိမည့် ဆည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အစိုးရလက်ထက်တွင် မုံရွာခရိုင်အတွင်း ကိုးခုမြောက် ရေလှောင်တမံဖြစ်ပြီး ဘုတလင်မြို့နယ်အနေနှင့် ပထမဦးဆုံးဆည်ကို ယနေ့ဖွင့်လှစ်သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပဏာမ ပြောကြားလိုကြောင်း။

### အကျိုးပြု

၁၉၈၈ခုနှစ်နောက်ပိုင်း မိမိတို့အစိုးရလက်ထက် စစ်ကိုင်းတိုင်း အတွင်းတွင် (၁) မြေအောက်ရေဖြင့် စိုက်ပျိုးရေးစီမံကိန်း၊ (၂) စေတီရေလွှဲဆည်၊ (၃)လက်ယက်မရေလှောင်တမံ၊ (၄)ဝက်ရူးရေလွှဲဆည်၊ (၅)တုံးကျော် ရေလွှဲဆည်၊ (၆) နွယ်ခွေရေလှောင်တမံ၊ (၇) ရေဦးဆည်မြောင်းများ ခေတ်မီပြုန်လည်တည်ဆောက်ရေး၊ (၈)သာစည်ရေလှောင်တမံ၊ (၉) ရွာသာယာ ၉၉ ကန်ရေလျှံတွင်း၊ (၁၀) ထန်းဇလုတ်ရေလှောင်တမံ၊ (၁၁) ကင်းတပ်ရေထိန်းတမံ၊ (၁၂)မြောက်ယမားရေလှောင်တမံ၊(၁၃)သဖန်းဆိပ်ရေလှောင်တမံ၊ (၁၄)ကျေးပင်အက်ရေလှောင်တမံ၊ (၁၅)လက်ပန်ရေလှောင်တမံ၊ (၁၆)ငွေသာရေလှောင်တမံနှင့် ၂၆-၉-၂၀၀၄ရက်ကဖွင့်လှစ်ခဲ့သည့် ***စာမျက်နှာ ၇ လော်လံ ၁***



## မှတ်တမ်းတင် ဓာတ်ပုံရိုက်

လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ မြို့သစ်ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ဒေသတည်ငြိမ်အေးချမ်းရေးနှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်ခိုင်မာမာဖြစ်ထွန်းလျက်ရှိ အသွင်ကူးပြောင်းရေးအစီအစဉ်အတိုင်းစည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်အဖြစ်ထူထောင်သွားမည်

*စာမျက်နှာ ၆ မှ*

ဆားလင်းကြီးရေလှောင်တမံနှင့် ယနေ့ဖွင့်လှစ်သည့် မြို့သစ်ရေလှောင်တမံ အပါအဝင် ဆည်ရေလှောင်တမံစီမံကိန်း၁၈ခုကို ငွေကျပ်သန်းပေါင်း ၁၂၅၆၅ ဒသမ၁၈သန်းအကုန်ကျခံ တည်ဆောက်ပေးခဲ့ပြီး ဧကပေါင်း ၃၆၉၉၄၄ကို အကျိုးပြုခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီဖြစ်အောင်ဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ ဆန်စပါးဖူလုံပိုလျှံအောင် စိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်စေရန် အထက်တွင်ပြောကြားခဲ့သည့် တာတမံစီမံကိန်းလုပ်ငန်းများကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းအတွင်း တည်ဆောက်ပေးခဲ့ပြီး ဆည်တာတမံစီမံကိန်းများအနက် သဖန်းဆိပ်ရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းသည် အရှေ့တောင်အာရှတွင် အရှည်ဆုံးဖြစ်ပြီး မြန်မာနိုင်ငံ၏ လက်ရှိတည်ဆောက်ပြီး ဆည်၊ တာတမံလုပ်ငန်းများအနက် အကျိုးပြုဧက အများဆုံးလုပ်ငန်းကြီးဖြစ်ကြောင်း၊ ယခုအခါ သဖန်းဆိပ်ဆည်ကြီးအတွင်း ရေအပြည့်သိုလှောင်ထားရှိနိုင်သည့်အတွက် လက်ရှိစိုက်ပျိုးပြီးဆည်ရေသောက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းသည်အထိ လိုအပ်သောရေများ အပြည့်အဝပေးနိုင်မည့်အပြင် လာမည့်နှစ်နွေစပါးနှင့် အခြားသီးနှံများအတွက်လည်း သတ်မှတ်စီမံကိန်းဧက ပြည့်ဝစွာ အောင်မြင်အောင် ရေပေးဝေနိုင်မည်ဖြစ်ကြောင်း။

### ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အကြီးအကဲက အခုကဲ့သို့ စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီဖြစ်အောင် ဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အတူ ဆည်တာတမံစီမံကိန်းများကိုလည်း ပံ့ပိုးတည်ဆောက်ပေးသွားပြီး၊ ပေးသွားဆဲဖြစ်သည့်အပြင် နောင်တွင်လည်း ဆက်လက်ပံ့ပိုးပေးသွားမှာဖြစ်သည့်အတွက် တောင်သူလယ်သမားများအနေနှင့်ကလည်း မိမိတို့တာဝန်ကျေပွန်အောင် စိုက်ပျိုးထုတ်လုပ်သွားရန်နှင့် တည်ဆောက်ထားပြီး ဆည်တာတမံများကို ဥပဒေစည်းကမ်းများနှင့်အညီ လိုက်နာအသုံးပြု ထိန်းသိမ်းစောင့်ရှောက်သွားရန် အလေးအနက် တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေနှင့် စစ်ကိုင်းတိုင်းအတွင်း ၁၈ခုမြောက်ဖြစ်ပြီး နိုင်ငံတော်၏ ၁၆၅ ခု မြောက်ဖြစ်သည့် ဤမြို့သစ်ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သီးနှံစိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေဖူလုံရေး၊ ပတ်ဝန်းကျင်ဒေသ စိမ်းလန်းစိုပြည်ရေးတို့အတွက် တာဝန်ရှိပုဂ္ဂိုလ်များနှင့်တကွ ဒေသပြည်သူများက အသိစိတ်ရှိရှိ၊ တာဝန်သိသိဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါဟု ပြောကြားသွားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းဒေသ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ကြီးပွားတိုးတက်လာရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ယမန်နေ့က ဆားလင်းကြီးရေလှောင်တမံကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ဆက်လက်ပြီး မြို့သစ်ရေလှောင်တမံကို နိုင်ငံတော်၏ ၁၆၅ခုမြောက် ဆည်မြောင်းသမိုင်း မှတ်တိုင်တစ်ခုအဖြစ် ဆောင်ရွက်ပေးလိုက်နိုင်သည့်အတွက် ယနေ့ဖွင့်ပွဲအခမ်းအနားသည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး တိုးတက်အောင် မျှော်ကိုးလုပ်ဆောင်ပေးလိုက်သည့် နိုင်ငံတော်အစိုးရ၏ ပြည်သူများအတွက် မွန်မြတ်သော စေတနာရလဒ်ကောင်းတစ်ခုဟု မှတ်ယူမိကြောင်း။

### ပေါင်းစပ်လုပ်ကိုင်

လယ်ယာကုန်ထုတ်လုပ်ငန်းသည် တိုင်းရင်းသားပြည်သူများအတွက် စားနပ်ရိက္ခာ ဖြည့်ဆည်းပေးရန်နှင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံး၊ အင်အားအကြီးမားဆုံး ကုန်ထုတ်လုပ်ငန်းကြီးဖြစ်ကြောင်း၊ ယင်းလုပ်ငန်းကြီး ရေရှည်တည်တံ့မှုရှိအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးအတွက် အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကုန်ထုတ်လုပ်ငန်းမှာ အခြေခံကျကျ ပါဝင်စွမ်းဆောင်ပေးနေကြသည့် တောင်သူလယ်သမား ပြည်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် ဝန်ကြီးဌာန၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ကော်မတီများနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများ အားလုံးက မိမိတို့ကဏ္ဍအလိုက် အားထုတ်စွမ်းဆောင်မှုများနှင့် ဟန်ချက်ညီ ပေါင်းစပ်လုပ်ကိုင်နိုင်ရန် လိုအပ်မည်ဆိုသည်ကို အားလုံးသိရှိပြီးဖြစ်ကြကြောင်း။

လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုအတွက် နိုင်ငံ၏မြေဧရိယာဧက ၁၆၇ သန်းအနက် လေးပုံတစ်ပုံသော စိုက်ပျိုးနိုင်သည့်မြေများမှာ မြေဧရိယာများ တိုးချဲ့စိုက်ပျိုးနိုင်ရန် အားပေးစီမံနေကြောင်း၊ စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမား ပြည်သူများ၏ လယ်ယာလုပ်ငန်းခွင်များမှာ သမားရိုးကျဘဝမှ စက်မှုအတတ်ပညာနှင့်ပေါင်းစပ်ပြီး စက်မှုလယ်ယာစနစ်ဖြင့် တိုးတက်ထွန်းကားလာအောင် ဖြည့်ဆည်းလုပ်ကိုင်ပေးနေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

### ဝိုင်းရံအထောက်အကူပြု

ဤဒေသသည် ပုံမှန်အားဖြင့် တစ်နှစ် တစ်နှစ်နည်းပါးသည့် မိုးရွာရက်များကြောင့် မိုးကာလမှာပင် စိုက်ပျိုးရေအလုံအလောက်မရနိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဘုတလင်မြို့နယ်ပါဝင်သော စစ်ကိုင်းတိုင်းသည် မိမိတို့နိုင်ငံ၏ အထက်ပိုင်းတွင် စပါးကျီတစ်ခုအဖြစ် အားထားလောက်သည့် တိုင်းဖြစ်သည်နှင့်အညီ မြေအောက်ရေစီမံကိန်းအပါအဝင် ကြီးမားသည့်သဖန်းဆိပ်ရေလှောင်တမံကြီးနှင့်ဒေသအလိုက် ဆည်အစုအဖွဲ့များက လယ်ယာကုန်ထုတ်စွမ်းအား တိုးတက်အောင် ဝိုင်းရံအထောက်အကူပြုနေကြောင်း၊ ဤနေရာတွင် ကွက်လပ်ငယ်အဖြစ်ကျန်နေသည့် ဤဒေသ၏ လယ်ယာမြေများ ဆည်ရေသောက်ဘဝ ကူးပြောင်းတိုးတက်လာရန် ယခု ရေလှောင်တမံနှင့် ဖြည့်ဆည်းပေးလိုက်ခြင်းလည်းဖြစ်ကြောင်း။

### တိုးတက်စိုက်ပျိုးထုတ်လုပ်

ဤဒေသကျေးရွာများအနေဖြင့် လက်ရှိမှာ မိုးကာလ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါတို့ကို ပထမသီးနှံအဖြစ်ဧက ၂၅၀၀၊ နေကြာ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ နှမ်းတို့ကို ဒုတိယသီးနှံအဖြစ် ဧက ၁၇၀၀ အသီးသီးစိုက်ပျိုးကြပြီး သီးနှံစိုက်စွမ်းအားသည် ရေရရှိမှု အဟန့်အတားကြောင့် ၁၆၈ရာခိုင်နှုန်းလောက်သာ ဆောင်ရွက်နိုင်ကြခြင်းဖြစ်ကြောင်း၊ ယခုမြို့သစ်ရေလှောင်တမံဆည်ရေနှင့် နွေစပါး၊ နွေနှမ်းတို့ကိုပါ တိုးစိုက်လာနိုင်တော့မှာဖြစ်၍ စိုက်ဧက ၅၅၀၀ အထိ စိုက်ပျိုးရေးကို ချဲ့ထွင်မှုနှင့် တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်မည့် အခြေအနေဖြစ်သည့်အပြင် သီးနှံစိုက်စွမ်းအားကိုလည်း ၂၂၀ ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ထွန်းခံစားလာကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမှုအတွေ့အကြုံနှင့် လုပ်အားအခြေခံများရှိပြီးဖြစ်သော တောင်သူလယ်သမားပြည်သူများအနေဖြင့် စိုက်ပျိုးရေးအတွက် ရရှိလာမည့် ဆည်ရေကို အကျိုးရှိမည့် သီးနှံပုံစံများ စနစ်တကျချမှတ်ပြီး တိုးတက်စိုက်ပျိုး ထုတ်လုပ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

လယ်ယာကဏ္ဍသည် နိုင်ငံမှာ တစ်မျိုးသားလုံးစီးပွားရေး၏ ထက်ဝက်ခန့်ကို ဖြည့်ဆည်းပေးနေခြင်းကြောင့် လယ်ယာစီးပွားရေး တိုးတက်လျှင် တိုးတက်သလို စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားကြီးများအနေဖြင့် မိမိတို့စီးပွားရေးဘဝ ပိုမိုခိုင်မာလာမည့်အပြင် နိုင်ငံ၏ စီးပွားရေးဘဝကိုလည်း တိုးတက်အထောက်အကူပြုမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ လယ်ယာရည်မှန်းချက်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ထပ်လောင်းမှာကြားလိုကြောင်း။

ဤရေလှောင်တမံသည် ဤဒေသအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဂုဏ်ဒြပ်ကောင်းတစ်ခု၊ သားစဉ်မြေးဆက် အကျိုးပြုမည့် အမွေအနှစ်တစ်ခုဖြစ်ခြင်းကြောင့် ဤရေလှောင်တမံကြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပြီး ရေလှောင်တမံ၏ ရေဝေရေလဲဒေသ အစဉ်စိမ်းလန်းစိုပြည်အောင်၊ ရေသွင်းမြောင်းစနစ်များ မပျက်စီးအောင် ဆည်မြောင်းတာတမံ စည်းကမ်းများနှင့်အညီ ညီညီညွတ်ညွတ် ထိန်းသိမ်းစောင့်ရှောက်ပေးသွားကြပါဟု ပြောကြားသည်။

ဆက်လက်၍ ဘုတလင်မြို့နယ်မှ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးစိန်ဝင်းလှိုင်က မြို့သစ်ရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများသည် မြို့သစ်ရေလှောင်တမံကို ဖွင့်လှစ်ရန်အတွက် ရေလှောင်တမံမုခ်ဦးထိပ် သတ်မှတ်နေရာတို့၌ နေရာယူကြသည်။ *စာမျက်နှာ ၁၃ ကော်လံ ၅ သို့*

## အထက်မြန်မာပြည်၏စပါးကျီအဖြစ်ခိုင်မာစွာရပ်တည်နိုင်ရေးရည်မှန်း စစ်ကိုင်းတိုင်းအတွင်း သဘာဝမြေအောက်ရေရရှိရေးလုပ်ငန်းများဖော်ထုတ်

- စစ်ကိုင်းတိုင်းအတွင်း မြို့သစ်ရေလှောင်တမံအပါအဝင် ဆည်တမံလုပ်ငန်း စုစုပေါင်း ၁၈ ခုကို အသစ်တည်ဆောက်ပေးခဲ့ပြီး ဒေသန္တရဆည်ကန်၊ ကိုယ့်အားကိုယ်ကိုး ဆည်ကန်တို့ ပေါင်းစပ်လိုက်လျှင် စစ်ကိုင်းတိုင်းအတွင်း၌ ဆည်ရေသောက်သုံးနိုင်သည့် စိုက်ပျိုးမြေ ဧရိယာဧက ရှစ်သိန်းကျော်ရှိ။
- စစ်ကိုင်းတိုင်းအတွင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၀ ခု၊ ဒီဇယ်မြစ်ရေတင် လုပ်ငန်း ၃၉ ခု၊ စုစုပေါင်း မြစ်ရေတင်လုပ်ငန်း ၄၉ ခုကို တည်ဆောက်ခဲ့ပြီး စိုက်ပျိုးမြေဧက ၆၈၀၀၀ ကျော်ကို အကျိုးပြုနေပြီဖြစ်၊ စစ်ကိုင်းတိုင်း၏ထူးခြားချက်မှာ သဘာဝမြေအောက်ရေရရှိရေးလုပ်ငန်းများ ဖော်ထုတ်နိုင်သည့်အတွက် စိုက်ပျိုးမြေဧက ၅၀၀၀ ကျော် ရေရရှိနေ။
- လွန်ခဲ့သည့်၁၅နှစ်ခန့်က စစ်ကိုင်းတိုင်း၏ အသားတင်စိုက်ပျိုးမြေဧရိယာ ဧက ၂၈သိန်းခန့်ရှိရာမှ ယခုအခါ ဧကသိန်း၄၀အထိ တိုးတက်လာသည့်အတွက် စိုက်ပျိုးမြေဧက ၁၂သိန်းခန့် ပိုမိုတိုးတက်။
- ဆန်စပါးဖူလုံရုံသာမက ပိုလျှံနေသည့်တိုင်းဖြစ်သည့်အတွက် အထက်မြန်မာပြည်၏ စပါးကျီအဖြစ် ခိုင်မာစွာရပ်တည်နိုင်ရန်အတွက် စပါးတင်းသိန်း ၈၀၀ ပိုလျှံရမည်ဆိုသော ရည်မှန်းချက်နှင့် ဆန်စပါးတိုးချဲ့စိုက်နေပြီ။
- စစ်ကိုင်းတိုင်းအတွင်း မြို့သစ်ရေလှောင်တမံအပါအဝင် ဆည်ရေလှောင်တမံစီမံကိန်း၁၈ခုကို ငွေကျပ်သန်းပေါင်း ၁၂၅၆၅ ဒသမ၁၈သန်းအကုန်ကျခံ တည်ဆောက်ပေးခဲ့ပြီး ဧကပေါင်း ၃၆၉၉၄၄ကို အကျိုးပြုခဲ့။
- မြို့သစ်ရေလှောင်တမံ ဆည်ရေနှင့် နွေစပါး၊ နွေနှမ်းတို့ကိုပါ တိုးစိုက်လာနိုင်တော့မှာဖြစ်၍ စိုက်ဧက ၅၅၀၀ အထိ စိုက်ပျိုးရေးကို ချဲ့ထွင်မှုနှင့် တစ်နှစ်သုံးသီး စိုက်ပျိုးလာနိုင်မည့် အခြေအနေဖြစ်သည့်အပြင် သီးနှံစိုက်စွမ်းအားကိုလည်း ၂၂၀ ရာခိုင်နှုန်းအထိ တိုးတက်ဖြစ်ထွန်း ခံစားလာကြရမည်။

# ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်ကိုထိပါးစေသည့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများ ရှင်းရှင်းလင်းလင်းရှုမြင် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု နည်းပြသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**



● ရှေ့ဖုံးမှ

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ သင်တန်းတွင် မောင်တို့မယ်တို့ သိသင့်သိထိုက်သည့် နိုင်ငံတော်၏ အမျိုးသားမူဝါဒများနှင့် ဤမူဝါဒများအပေါ်တွင် အခြေပြုပြီး နေ့မအား ညမနား တိုက်တိုက်တွန်းတွန်း နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ၏ ကြိုးပမ်းစွမ်းဆောင်မှုများကို လေ့လာခဲ့ပြီးဖြစ်ကြောင်း။

## လေ့လာဆည်းပူးနိုင်ခဲ့ကြ

ဤကဲ့သို့လေ့လာရာတွင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးရာခိုင်နှုန်းပြည့်နီးပါး တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုရရှိလာပြီး အမျိုးသားစည်းလုံးညီညွတ်မှုအခြေခံကောင်းများ၊ ခိုင်မာသည့် စီးပွားရေးအခြေခံအုတ်မြစ်များ၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ သင်္ဘောဆိပ်ခံတံတား၊ တယ်လီဖုန်းစသည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံကောင်းများ၊ ခြုံလိုက်မည်ဆိုလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်အတွက် လိုအပ်သော အခြေခံကောင်းများ မည်၍မည်မျှ ဖြန့်ကြက်ဖြစ်ပေါ်နေပြီး တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝကို မည်မျှအထိအကျိုးပြုနေသည်ဆိုသည့် လက်တွေ့ဘဝအခြေအနေများကို လေ့လာမှတ်သား ဆည်းပူးခဲ့ကြပြီးဖြစ်သည်ဟုဆိုရမှာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မောင်တို့မယ်တို့သည် နိုင်ငံတော်၏ မူဝါဒအပိုင်းကိုရော လက်တွေ့အကောင်အထည်ဖော်မှုအပိုင်းကိုပါ တိုတောင်းသည့်ကာလအတွင်း အတိုင်းအတာ တစ်ရပ်အထိ လေ့လာဆည်းပူးနိုင်ခဲ့ကြပြီးဖြစ်ကြောင်း။

## သဘာဝအကျဆုံးလုပ်ငန်းတာဝန်

ဤသင်တန်းမှ လေ့လာရရှိခဲ့သည့် အသိအမြင်၊ ဗဟုသုတများကို အခြေခံပြီး မောင်တို့မယ်တို့သည် မိမိတို့တစ်ဦးချင်း၏ လက်တွေ့ဘဝ သင်ခန်းစာများနှင့် ဆက်လက်ပေါင်းစပ်ကာ မိမိတို့၏ အသိအမြင်၊ ဗဟုသုတများကို ပို၍တိုးပွားအောင်၊ ပို၍ရင့်ကျက်လာအောင် ပျိုးထောင်သွားကြရမှာဖြစ်သကဲ့သို့ မိမိ၏တိုးပွားလာသည့် အသိအမြင်၊ ဗဟုသုတများကို ပြည်သူလူထုအထိ လေ့လာသိရှိပျံ့နှံ့အောင် မျှဝေကြရမှာဖြစ်ကြောင်း၊ အသိပညာကို အသိပညာနယ်ပယ်မှာပဲ သိမ်းဆည်းမထားဘဲ ကျန်သည့်အဖွဲ့ဝင်များကို တစ်ဆင့်မျှဝေပေးပြီး လူ့အဖွဲ့အစည်း၏ တိုးတက်ရာတိုးတက်ကြောင်း၊ ကောင်းရာကောင်းကြောင်းအတွက် ဦးတည်လှုပ်ရှားဖော်ဆောင်ပေးနေခြင်းသည် စည်းရုံးရေးသမားကောင်းများ၏ အခြေခံအကျဆုံး၊ သဘာဝအကျဆုံး လုပ်ငန်းတာဝန်ပင်ဖြစ်ကြောင်း။

ဤအခြေခံကျပြီး သဘာဝကျသည့် လုပ်ငန်းတာဝန်ကို သဘာဝကျကျ ထမ်းဆောင်ပြီး နယ်မြေအသီးသီး၌ တိုးချဲ့ဖွင့်လှစ်မည့် သင်တန်းများတွင် နည်းပြကောင်းများအဖြစ် ပူးတွဲတာဝန်ယူနိုင်ရန်အတွက် ယခုကဲ့သို့ မောင်တို့မယ်တို့ကို ဤနည်းပြသင်တန်းတွင် ရွေးချယ်တက်ရောက်စေခဲ့ခြင်းပင်ဖြစ်ကြောင်း။

## အားကြိုးမာန်တက်

လက်ရှိကာလသည် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာအောင် ခိုင်မာသည့် ဦးတည်ချက်များနှင့်အညီ အရှိန်အဟုန်ရှိရှိ၊ ဖိဖိစီးစီး ကြိုးပမ်းတည်ဆောက်နေသည့်အချိန်ဖြစ်ကြောင်း၊ အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း အမျိုးသားရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပြီး အားကြိုးမာန်တက် လှုံ့ဆော်စည်းရုံး ပူးပေါင်းအကောင်အထည်ဖော်နေသည့် အချိန်ဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်သစ်ကို တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားတို့ကို ဟန်ချက်ညီညီ တောင့်တင်းမြင့်မားအောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

နိုင်ငံရေးအင်အားကောင်းသည်နှင့်အမျှ နိုင်ငံတော်အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ရေခံ၊ မြေခံကောင်းများ ဖြစ်ပေါ်လာကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ စီးပွားရေးအင်အား ကောင်းလာမည်ဆိုလျှင် ကာကွယ်ရေးအင်အားကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ ကာကွယ်ရေးအင်အား တောင့်တင်းလာမည်ဆိုလျှင် နိုင်ငံရေးအင်အားကိုပါ ဆက်လက်အကျိုးပြုပြီး နိုင်ငံတော်အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုများ ခိုင်မာလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးတို့သည် အပြန်အလှန်အမှီသဟဲပြု ဆက်စပ်နေသည်ဆိုသည်ကို လေးနက်စွာ နားလည်ခံယူထားကြရမှာဖြစ်ကြောင်း။

## ကာကွယ်စောင့်ရှောက်

အသင်းကြီးအနေဖြင့် မျိုးဆက်သစ်လူငယ်များအား အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ အတွေးအခေါ်စသည့် စိတ်ပိုင်းဆိုင်ရာ အမွေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနေခြင်းသည် တစ်ဖက်မှ ရုပ်ပိုင်းဆိုင်ရာအရ ဖွဲ့စည်းဖြစ်ပေါ်လာလျက်ရှိသည့် တိုင်းပြည်၏ အခြေခံကောင်းများကို အပြည့်အဝ အသုံးချပြီး နိုင်ငံတော်ကြီးကို တိုးတက်သည်ထက် တိုးတက်အောင်၊ နိုင်ငံတော်ကြီးကို ထိပ်တန်းနိုင်ငံဖြစ်အောင် တည်ဆောက်နိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန်ဖြစ်ကြောင်း။

ဤကဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားများ၏ စိတ်ပိုင်းဆိုင်ရာရော၊ နိုင်ငံတော်ကြီး၏ ရုပ်ဝတ္ထုပိုင်း အခြေအနေများပါ လမ်းကြောင်းမှန်ပေါ်ရောက်ရှိပြီး သဟဇာတရှိရှိ အပြန်အလှန်အကျိုးပြု ဖွံ့ဖြိုးတိုးတက်နေမှလည်း ပြည်ထောင်စုမြန်မာနိုင်ငံသည် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ပြီး တိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝသည်လည်း ပြည့်စုံလုံခြုံလာမှာဖြစ်ကြောင်း။

ယနေ့ခေတ်၊ ယနေ့ကာလသည် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအံ့မခန်းတိုးတက်နေသည့် ကာလဖြစ်ကြောင်း၊ ကမ္ဘာ့အစိတ်အပိုင်းတစ်ခု၏ ဖြစ်ပျက်မှုတစ်ခုကို ကျန်ကမ္ဘာ့အစိတ်အပိုင်းအားလုံးက နာရီပိုင်းမျှအတွင်း ကြားနိုင်၊ မြင်နိုင်၊ သိနိုင်သည့် အခြေအနေရောက်ရှိနေသည့်အတွက် ကမ္ဘာ့ရွာ (Globalization) ခေတ်ကိုရောက်နေပြီဟု သတ်မှတ်ခေါ်ဆိုနေရပြီဖြစ်ကြောင်း။

Globalization ခေတ်တွင် လူ့အဖွဲ့အစည်းအတွက် အားသာချက်များရှိသကဲ့သို့ အားနည်းချက်မှာ နည်းပညာအဆင့်အတန်းမြင့်မားလာပြီး ခေတ်ဦးစွာချမ်းသာသည့် နိုင်ငံကြီးအချို့က သတင်းနှင့်ဆက်သွယ်ရေး နည်းပညာ(အိုင်တီ)ကို ဘက်စုံအသုံးချပြီး နိုင်ငံငယ်များ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လူမှုရေး စသည့် လူမှုစီးပွားရေးနယ်ပယ် အားလုံးကို ၎င်းတို့အလိုကျ လွှမ်းမိုးခြယ်လှယ်ရန် ကြိုးစားလာနေခြင်းပင်ဖြစ်ကြောင်း။

## သတိထားဖယ်ရှား

ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ပထဝီအနေအထားအရအချက်အချာကျသည့် မိမိတို့နိုင်ငံသည် အဘက်ဘက်မှ သတိထားကြရမှာဖြစ်ကြောင်း၊ ရှေးပဝေသဏီကတည်းကပင် အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် အတူတကွ ပေါင်းစည်းနေထိုင်လာကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ သမိုင်းစဉ်ဆက် ချစ်ကြည်သွေးစည်းမှုကို ပျက်ပြားစေရန်နှင့် ပြည်ထောင်စုကြီး ပြိုကွဲစေရန် နည်းအမျိုးမျိုးဖြင့် သွေးထိုးကြိုးပမ်းနေမှုများကို သတိထားဖယ်ရှားသွားကြရမှာဖြစ်ကြောင်း။

ထို့အပြင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတို့ကို အကြောင်းပြုပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို စွက်ဖက်ဝေဖန်နေခြင်း၊ ၎င်းတို့လိုလားသည့်ပုံစံအတိုင်း ဒီမိုကရေစီကို ရုပ်လုံးဖော်လာစေရန် အကျပ်ကိုင်ကြိုးပမ်းနေခြင်းတို့သည် နိုင်ငံတကာကျင့်ဝတ်သိက္ခာများနှင့် မဆီလျော်သည့် ပြုမူလုပ်ကိုင်မှုများအဖြစ် ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေကြရကြောင်း။

## ရှင်းရှင်းလင်းလင်းရှုမြင်

အထူးသဖြင့် ဤပြုမူလုပ်ဆောင်မှုများသည် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ သမိုင်းအစဉ်အလာ၊ ကိုယ်ပိုင်အမျိုးသားစရိုက်လက္ခဏာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့နှင့် လိုက်လျောညီထွေသည့် ဒီမိုကရေစီကိုထူထောင်ရန် ကြိုးပမ်းနေပြီဖြစ်သည့် မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံအတွက် လွတ်လပ်သော ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်ကို ထိပါးစေသည့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအဖြစ် ရှင်းရှင်းလင်းလင်းရှုမြင်ကြရမှာ ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်၏ အရေးကြီးဆုံးဖြစ်သည့် အမျိုးသားရေးလုပ်ငန်းများသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ကြရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးပင်ဖြစ်ကြောင်း။

## ပူးပေါင်းလက်တွဲ

ဤကဲ့သို့ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိပြီး ကြိုးကြိုးစားစား အလုပ်လုပ်ကြရန် လိုအပ်သကဲ့သို့ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်နှင့်

သမိုင်းအစဉ်အလာများနှင့် ကိုက်ညီသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည်လည်း မရှိမဖြစ်လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးသည် အသင်းသားအားလုံး၏ လက်ငင်းတာဝန်အဖြစ်ခံယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် ကျရာအခန်းကဏ္ဍမှ ပြည်သူလူထုနှင့် ပူးပေါင်းလက်တွဲထမ်းဆောင်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်ကလည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် အချက်(၇)ချက်ပါသည့် နိုင်ငံရေးအစီအစဉ်ကို နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်အဖြစ် အတိအကျထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အပြင် အဆိုပါမူဝါဒလမ်းစဉ်(၇)ရပ်မှာ ပထမဆုံးအဆင့်ဖြစ်ရုံသာမက အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကျင်းပနိုင်ခဲ့ပြီဖြစ်သည်ကို အားလုံးအသိဖြစ်ကြောင်း။

## အမျိုးသားရေးတာဝန်

အမျိုးသားညီလာခံကြီးသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံထားရသောကိုယ်စားလှယ်များသာမက တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းများနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ စသော ကိုယ်စားလှယ်စုံပါဝင်သည့် ညီလာခံဖြစ်ကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်ပြီးဆုံးအောင် ကျင်းပရေးအပါအဝင် မူဝါဒလမ်းစဉ်၏ အဆင့်အားလုံး အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးသည် မောင်တို့မယ်တို့ အပါအဝင် အသင်းသားအားလုံး၏ အမျိုးသားရေးတာဝန်ပင် ဖြစ်ကြောင်း။

## လုံးဝရှောင်ကြဉ်

တစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားရေးတာဝန်များကို ပါဝင်ထမ်းဆောင်နေသည့် အမျိုးသားရေးအသင်းကြီးဖြစ်သည့်အတွက် အသင်းဝင်များသည် အရည်အချင်းပြည့်ဝသည့် အတ္တနည်းပြီး နှလုံးဖြူစင်သည့် အသင်းဝင်များဖြစ်ကြရန် အရေးကြီးကြောင်း၊ အထူးသဖြင့် ပြည်ပစွက်ဖက်မှုနှင့် ဖိအားပေးမှုအန္တရာယ်များရှိနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်ကို ထိပါးစေသည့် အကြံ အစည်၊ အပြောအဆို၊ အလုပ်အကိုင်များကိုမပြုမူမိစေရန်၊ လုံးဝရှောင်ကြဉ်ကြရန် အရေးကြီးကြောင်း။

အသင်းနာယကကြီးဖြစ်သည့် နိုင်ငံတော်အကြီးအကဲက−

**“ပြည်နယ်၊ တိုင်း ၁၄ခုလုံး၌ နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်ကြရာ တစ်ဦးချမ်းသာ ကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာကျန်းမာအောင် လုပ်ကိုင်ဆောင်ရွက်ပေးနေရကြောင်း”**

**“နိုင်ငံတော်အစိုးရသည် မိဘသဖွယ် မိမိ၏သွေးသားများဖြစ်သည့် တိုင်းရင်းသားများကောင်းစားရေး၊ ယင်းတို့၏ အနာဂတ်ကောင်းမွန်ရေးအတွက် ဘက်စုံမှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားလုံးသည် ပြည်ထောင်စုကြီးအတွင်း၌ နေထိုင်လျက်ရှိကြသည်ဖြစ်ရာ မည်သည့် တိုင်းရင်းသား သားသမီးကိုမဆို သာစေ၊နာစေဟူ၍မရှိကြောင်း၊ သားသမီးအားလုံးကို ဆင်စီးပြီး မြင်းရံစေချင်သည်မှာ အမှန်ဖြစ်ကြောင်း”**

**“မိမိတို့နိုင်ငံအကျယ်အဝန်း၊ သယံဇာတနှင့် လူဦးရေအနေအထား အရ မိမိတို့ တိုင်းရင်းသားများ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်နိုင်ပါက မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးသည့် ထိပ်တန်းနိုင်ငံဖြစ်လာနိုင်ကြောင်း”**

ဖြင့် လမ်းညွှန်မိန့်ကြားခဲ့ပြီးဖြစ်ကြောင်း၊ ယင်းလမ်းညွှန်ချက်များသည် တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသည့် နိုင်ငံတော်၏ ဖြူစင်သော စေတနာအမှန်များပင်ဖြစ်ကြောင်း။

## အားထည့်လုပ်ကိုင်

ဤလမ်းညွှန်မှုကိုခံယူပြီး ပြည်နယ်၊တိုင်း နယ်မြေဒေသအားလုံး မျှမျှတတ ကွက်လပ်မကျန် တိုးတက်ရေး၊ မြို့ပြနှင့်ကျေးလက်အကြား ကွာဟချက်၊ တောင်ပေါ်ဒေသများနှင့် မြေပြန့်ဒေသများအကြား ကွာဟချက်၊ အတွင်းပိုင်းဒေသများနှင့် နယ်စပ်ဒေသများအကြား ကွာဟချက်များကို ကျဉ်းကျုံ့သွားအောင် အသင်းသူ၊ အသင်းသားများသည် ဒေသခံပြည်သူများ၊ အစိုးရ ဝန်ထမ်းများ၊ အခြားလူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး ဖွံ့ဖြိုးရေးလုပ် ငန်းများနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို တွန်းတွန်းတိုက်တိုက် အားထည့်လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း။

ဤကဲ့သို့ ပူးပေါင်းပြီး အားထည့်လုပ်ကိုင်ရာတွင် အသိအမြင်မှန်မှ အပြောအဆိုမှန်မည်၊ အပြောအဆိုမှန်မှ အလုပ်အကိုင်မှန်မည်၊ အလုပ်အကိုင်မှန်မှ ရည်မှန်းချက်ပေါက်ရောက်မှာဖြစ်သည့်အတွက် မောင်တို့မယ်တို့ မှန်ကန်သည့်အသိအမြင်၊ တူညီသည့်အတွေးအမြင်ရရှိအောင် ယခုကဲ့သို့ သင်တန်းအမျိုးမျိုးကို ကျင်းပပြုလုပ်ပေးခြင်းဖြစ်ကြောင်း ထပ်ဆင့်ရှင်းလင်းပြောကြားလိုကြောင်း။

## ပူးပေါင်းအကောင်အထည်ဖော်

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် ယခုသင်တန်းကရရှိကြသည့် အသိအမြင်၊ အတွေ့အကြုံများကို ပွားများနိုင်အောင် မိမိကိုယ်ကို ဆက်လက်ပြုစုပျိုးထောင်ကြပါ။ မိမိတို့ကဲ့သို့ အခြားအသင်းဝင်များ သိတတ်မြင်တတ်အောင် ရှင်းလင်းမျှဝေပေးကြပါ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်ရင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော်ကြပါဟု မှာကြားပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုနည်းပြသင်တန်း အမှတ်စဉ်(၄) သို့တက်ရောက်ကြသည့် ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၃၀-၉-၂၀၀၄
(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ မင်းကွန်းဆရာတော် ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း “အဌမဆယ်စုနှစ်”(အပိုင်း−၃)
၈း၀၅ ၆။ သံသာချိုအေး မင်္ဂလာတေး
၈း၂၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let's Go
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၁၇း၁၅ ၆။ ချစ်စရာအရွယ်ကကြိုးသွယ်
၁၇း၃၀ ၇။ ၂၀၀၄ ခုနှစ်၊ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ပညာရှင်အဆင့်) (အမျိုးသမီး)
၁၇း၄၅ ၈။ မြန်မာစာ၊မြန်မာစကား
၁၈း၀၀ ၉။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈း၁၅ ၁၀။ “စွန့်စားဝံ့သူများ” (ခင်မောင်ချင်း၊ရဲနီမ၊ ကျော်ကျော်ပိုင်မှူး) (ဒါရိုက်တာ−ရဲဝန်ထမ်းဟောင်းတစ်ဦး)
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း−၁၅)
၁၉း၃၅ ၁၄။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ၂၀၀၄ဆွေးနွေးခန်း(အပိုင်း−၂)
၁၉း၄၅ ၁၅။ တေးဂီတအစီအစဉ်
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ Colourful Seasons in China (Part-2)
၁၉။ မိုးလေဝသအခြေအနေ
၂၀။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၂၁။ **“နာမည်တစ်လုံးနှင့်နေကြသူများ”** (အပိုင်း−၁) (လူမင်း၊ ခန့်စည်သူ၊ နေလင်းဦး၊နေတိုး၊ တီကို၊ အိန္ဒြာကျော်ဇင်၊ မိုးပြည့်ပြည့်မောင်၊ ဇင်ဇင်ဇော်မြင့်) (ဒါရိုက်တာ−ကျော်ဇေလင်း)
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။



## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှား MOCOM ကော်ပိုရေးရှင်းအမှုဆောင်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၉

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော မလေးရှားနိုင်ငံ MOCOM Corporation Sdn. Bhd မှ အမှုဆောင်ဥက္ကဋ္ဌ Lieutenant General(Retd) Raja Dato' Abdul Rashid နှင့်အဖွဲ့အား ယနေ့ ညနေ ၅နာရီတွင် ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

### တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့်ဦးမောင်မြင့်၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်မှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်သိန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ဟိုင်းကြီးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

**ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့်ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့မှ ရေယာဉ်ဖြင့်ထွက်ခွာ၍ ပုသိမ်ဆိပ်ကမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မြစ်ကမ်းဘေးရှိကျေးရွာများ၌ မိုးစပါးစိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းနေမှုနှင့် ရေလမ်းဖွံ့ဖြိုးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။**

ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းနှင့် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တို့သည် စက်တင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် ဟိုင်းကြီးကျွန်းမြို့ ပဒ္မဝတီခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံရာ ရှေးဦးစွာ ဟိုင်းကြီးကျွန်းတပ်နယ်မှဗိုလ်မှူးကြီး အေးဖေနှင့်ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်ထင်တို့က ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းက နိုင်ငံတော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဟိုင်းကြီးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းမှာကြား

ဆက်လက်၍ တိုင်းမှူးက ဟိုင်းကြီးကျွန်းဒေသ၌ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်း ဆက်သွယ်ရေးနှင့် ကမ်းခြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူးက ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အစီအစဉ်ဖြင့် ဟိုင်းကြီးကျွန်းမြို့ မီးသတ်ဌာနအတွက် လှူဒါန်းသော ငွေကျပ်၁၃သိန်းငါးသောင်းတန်ဖိုးရှိ ထော်လာဂျီမီးသတ်ယာဉ်ငယ်တစ်စီးကို ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူးအား ပေးအပ်သည်။

### နှုတ်ဆက်အားပေး

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တိုင်းမှူးတို့သည် ဟိုင်းကြီးကျွန်းမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တိုင်းမှူးတို့သည် ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ သင်ထောက်ကူ စာသင်ခန်း၌ ပညာသင်ကြားဆောင်ရွက်မှုနှင့် နေ့စဉ်ထုတ်သတင်းစာအား နံနက်တိုင်း အင်တာနက်မှ ဖမ်းယူကြည့်ရှုနိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်း၏ ဘင်ခရာအဖွဲ့အတွက် ငွေကျပ်တစ်သိန်းကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့ တိုက်နယ်ဆေးရုံ၊ မြို့မရဲတပ်ဖွဲ့စခန်း၊ မြို့မဆက်သွယ်ရေးစခန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့ကို လည်းကောင်း၊ ဟိုင်းကြီးကျွန်းမြို့တွင်းလမ်းများ အခြေအနေ၊ရပ်ကွက်များသန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် ဖြစ်ထွန်းအောင်မြင်နေသော စပါးစိုက်ခင်းများ အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူးနှင့် အဖွဲ့သည် ဌာနဆိုင်ရာရုံး ဆောက်လုပ်လျက်ရှိသော အဆောက်အအုံနေရာသို့ ရောက်ရှိစစ်ဆေး၍ ပုသိမ်ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုအားပေး

အဆိုပါရုံးအဆောက်အအုံကို မတည်ငွေကျပ် ၁၂၆ သိန်းဖြင့် အလျားပေ ၁၅၀၊ အနံပေ ၃၀၊ အမြင့် ၁၈ ပေဖြင့် တည်ဆောက်လျက်ရှိသည်။

ယင်းနောက် ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့သည် ဆားကျင်းချောင်းဘေးတစ်လျှောက်နယ်မြေခံတပ်က ဆောင်ရွက်လျက်ရှိသော ရေငန်ကျားပုစွန်မွေးမြူရေးစခန်းသို့ ရောက်ရှိကြပြီး ပုစွန်သိုလှောင်ကန်နှင့် မွေးမြူရေးကန်များအတွင်း ပုစွန်များ ရှင်သန်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

## ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန်ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၉

**၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ(အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ) ထံတွင်အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့်ပုံစံများကို ၂၀၀၄ ခုနှစ် အောက်တိုဘာ ၈ ရက် (သောကြာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၂၀၀၄ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၂၂ရက်ထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း −၅၀၃၁၄၇၊ ၅၃၇၆၇၇၊ ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

# ၂၁ ရာစု သက်ကြီးရွယ်အိုစောင့်ရှောက်ရေး

နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့ကို **“အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့”** ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ် ထားသည်။ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံသည် **“အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်”** အဖြစ် သတ်မှတ်သော ၁၉၉၉ ခုနှစ်မှ စ၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်မပျက်ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် ဆဋ္ဌမနှစ်သို့တိုင်ခဲ့ပြီဖြစ်သည်။

ယခုအချိန်တွင် ကမ္ဘာ့လူဦးရေသန်းပေါင်း ၆၃၀၀ကျော်၌ လူငါးဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုဘဝသို့ရောက်ရှိလာချေပြီ။ မြန်မာနိုင်ငံတွင်လည်း ၂၀၀၃ ခုနှစ်၌ လူဦးရေ၅၃ သန်းကျော်တွင် အသက် ၆၀နှင့်အထက် ၄ဒသမ၃ သန်း ပါဝင်ပြီး လူ ၁၂ ဦးလျှင် တစ်ဦးသည် သက်ကြီးရွယ်အို ဖြစ်လာသည်။ မြန်မာနိုင်ငံတွင် အသက် ၆၀နှင့်အထက်ကို(တစ်နည်းအားဖြင့် ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးသည့်အရွယ်ကို) သက်ကြီးရွယ်အိုဟု သတ်မှတ်ထားသည်။ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ စင်ကာပူ စသော နိုင်ငံများတွင်မူ အသက် ၆၅ နှစ်နှင့်အထက် အရွယ်ကို သက်ကြီးရွယ်အိုဟု သတ်မှတ်ထားပေသည်။ ဤသို့သော သက်ကြီးရွယ်အိုများအရေးသည် အလေးထားဖွယ်ရာ ကိစ္စဖြစ်လာမည်ကို ရှေးမဆွကပင် သိမြင်သော ကမ္ဘာ့နိုင်ငံများက သက်ကြီးရွယ်အိုများ၏ဘဝ သာယာချမ်းမြေ့မည့် လုပ်ငန်းအစီအစဉ်များ ကြံဆခဲ့ကြသည်။

သက်ကြီးရွယ်အိုများတွင် အသိပညာ၊ အတွေ့အကြုံ၊ ဗဟုသုတနှင့် အရည်အသွေးစသော စွမ်းအားများရှိနေကြဆဲဖြစ်သည်ကို အသိအမှတ်ပြုကြရပေမည်။ အိုမင်းမစွမ်းဖြစ်လာရသည်နှင့်အမျှ မျက်စိမှုန်၊နားထိုင်း၊ခါးကိုင်းခြင်း စသော အားနည်းချက် (Weakness) များလည်း ရှိလာ၏။ မိသားစုနှင့် ပတ်ဝန်းကျင်၏ လေးစားမှုရရှိခြင်း တည်းဟူသော အားသာချက်(Strength) များကိုလည်း ရရှိကြ၏။ ဇရာထောင်းလာသည်နှင့်အမျှ ခေတ်စနစ်ကွာဟမှု၊ စီးပွားရေးအရ ဝင်ငွေယုတ်လျော့မှု၊ ပတ်ဝန်းကျင်၏မသိမသာ ပစ်ပယ်ခံရမှု၊ အထီးကျန်ဖြစ်မှုစသည့် ခြိမ်းခြောက်မှု(Threats)များကိုလည်း တွေ့ကြုံခံစားကြရ၏။ ထိုသို့သော အားသာချက်၊ အားနည်းချက်များကို အလေးဂရုပြုကြ၍ သက်ကြီးရွယ်အိုများအတွက် သာယာချမ်းမြေ့ဖွယ်ဖြစ်သော ဝန်းကျင်ကောင်းများဖန်တီးပေးရေးသည် မျိုးဆက်သစ်လူငယ်များက မဖြစ်မနေဆောင်ရွက်ပေးရမည့် တာဝန်တစ်ရပ် ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီးက သက်ကြီးရွယ်အိုများဘဝ လုပစိုပြည်ရေးဆိုင်ရာ အခြေခံမူငါးရပ် ချမှတ်ထားပါသည်။ ၎င်းတို့မှာ–

**(၁) အမှီခိုကင်း၍ လွတ်လပ်ခွင့်အပြည့်အဝရရှိရေး(Independence)၊**
**(၂) ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး (Participation)၊**
**(၃) အပြန်အလှန်စောင့်ရှောက်မှုပြုကြရေး (Care)၊**
**(၄) မိမိကိုယ်တိုင် ဖြည့်စွမ်းနိုင်ရေး (Self-Fulfillment)၊**
**(၅) ဂုဏ်သိက္ခာရှိရှိ ရပ်တည်ခွင့်ရရှိရေး (Dignity)တို့ ဖြစ်သည်။**

## သက်ကြီးရွယ်အိုဘဝ၌ အမှီခိုကင်း၍ လွတ်လပ်ခွင့်အပြည့်အဝရရှိရေး

ဆယ်စုနှစ် ခြောက်ခုကျော်ကာလ ကိစ္စမြားမြောင်လူတို့ဘောင်တွင် ကျင်လည်ခဲ့ရပြီးသူ တစ်ဦးအဖို့ သက်ကြီးရွယ်အိုဘဝသည် အရေးကြီးသည့် အချိန်ဖြစ်သည်။ ထိုကာလတွင် စားရေး၊ ဝတ်ရေး၊ နေရေးနှင့် ကျန်းမာရေးတို့အပြင် ထိုက်သင့်သော အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေး၊ သိလို၊တတ်လိုသော ပညာရပ် ဆိုင်ရာများကို လေ့လာဆည်းပူးခွင့်ရရှိရေး၊ ကိုယ်ပိုင်လွတ်လပ်ခွင့်များနှင့် အမှီအခိုကင်းရေးသည် သက်ကြီးရွယ်အိုများအဖို့ ရရှိခံစားအပ်သော အခြေခံအခွင့်အရေးများဖြစ်သည်။ အဆိုပါအခွင့်အရေးများ အပြည့်အဝ ရရှိရေးကို ဖော်ဆောင်ပေးရန် လူတိုင်းကိုယ်စီတာဝန်ရှိသည်။

## ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး

“အိုသည့်တိုင်အောင် ဖွဲ့ကိုဆောင်၍ လူ့ဘောင်ကောင်းကျိုးစဉ်သယ်ပိုး” လိုသည်မှာ သက်ကြီးရွယ်အိုများ၏ ဓမ္မတာဖြစ်သည်။ လူ့အသိုင်းအဝိုင်းအတွင်း နှစ်ပေါင်းများစွာကျင်လည်ခဲ့သူများဖြစ်သည့်အားလျော်စွာ အထီးတည်း မနေလိုကြသူများလည်း ဖြစ်ကြသည်။ လူ့ဒါန်းပေးကမ်းလိုကြ၍ ပရဟိတသင်္ဂဟလုပ်ငန်းများတွင် ပါဝင်ပျော်မွေ့လိုသူများ ဖြစ်ကြသည်။ သို့ဖြစ်သည့်အားလျော်စွာ လူမှုရေးနှင့် သာရေးနာမှုအဖွဲ့အစည်းများတွင် ပါဝင်ထမ်းရွက်နိုင်ရန် နေရာပေးကြရမည်။ သက်ကြီးစကား သက်ငယ်ကြားဟူသည့် မြန်မာဆိုရိုးစကားနှင့်အညီ ၎င်းတို့ထံမှ အတွေ့အကြုံနှင့် ဗဟုသုတများကို တလေးတစားမှတ်သားနာယူကြရမည်။ လူ့အသိုင်းအဝိုင်းအတွင်း စိတ်အား၊ လူအားရှိသမျှ ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် စီမံဖန်တီးပေးကြရမည်ဖြစ်သည်။

## အပြန်အလှန်စောင့်ရှောက်မှုပြုကြရေး

ကြီးသူကိုရိုသေ၊ ရွယ်သူကိုလေးစား၊ ငယ်သူကိုသနားဟူ၍ မြန်မာဆိုရိုးစကားရှိသည်။ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအရ ကြီးသူက ငယ်သူကို စာနာထောက်ထားမှု ပြုရမည်ဖြစ်သကဲ့သို့ သက်ကြီးရွယ်အိုများသည် ၎င်း၏မိသားစုနှင့် ရပ်ဆွေရပ်မျိုးတို့၏ ပြုစုစောင့်ရှောက်မှု၊ ရိုသေလေးစားမှုကို ခံယူခွင့်ရှိသူများဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့ဖြစ်ရသော သက်ကြီးရွယ်အိုများကိုလည်း စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ဘိုးဘွားရိပ်သာများ၏ အေးမြသောအရိပ်အာဝါသအောက်၌ ခိုဝင်ရောက်ရှိစေရန် ဆောင်ရွက်ပေးကြရမည်။ သက်ရွယ်စုံညီ လူ့ဘောင်ဆီသို့ လှမ်းချီရာတွင် ကြီးသူ၊ ရွယ်သူ၊ ငယ်သူအားလုံးတို့သည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသကဲ့သို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုကြလျက် အချင်းချင်း ရိုင်းပင်းစောင့်ရှောက်ကြရမည်သာဖြစ်သည်။

## ကိုစစ် (လူမှု)

## မိမိကိုယ်တိုင်ဖြည့်စွမ်းနိုင်ရေး

သက်ကြီးရွယ်အိုများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့ကိုယ်တိုင်၏ အားထုတ်ကြိုးပမ်း ဆောင်ရွက်မှုများ၌ အခွင့်အလမ်းများ လက်လှမ်းတစ်မီဖြစ်စေရန် အားပေးမြှင့်တင် ပေးရမည်။ ၎င်းတို့တွင် ကျန်ရှိသေးသော စွမ်းရည်များကို ဖော်ထုတ်ပြသခွင့် ရရှိရန် လမ်းဖွင့်ပေးကြရမည်။ လူ့အသိုင်းအဝိုင်း၏ ပညာရေး၊ ယဉ်ကျေးမှု၊ အပန်းဖြေရေးနှင့် လောကုတ္တရာပိုင်းဆိုင်ရာ ကဏ္ဍများတွင် ကိုယ်တိုင်ကိုယ်ကျ ကိုယ့်အားကိုယ်ကိုး ပါဝင်ဆောင်ရွက်မှု အဝဝကို အသိအမှတ်ပြု အားပေးကြရမည် ဖြစ်သည်။

(က) **Home Care Service (အိမ်အရောက်စောင့်ရှောက်ခြင်း)**
၎င်းစနစ်မှာ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ အဖွဲ့ငယ်များက သက်ကြီးရွယ်အိုများရှိရာ အိမ်သို့ သွားရောက် ပြုစုစောင့်ရှောက်ပေးခြင်းဖြစ်သည်။ စရိတ်အကုန်အကျသက်သာပြီး ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်သော နည်းစနစ်တစ်ခု ဖြစ်သည်။

(ခ) **Home–Based Care Service (မိသားစုအိမ်အခြေပြုစောင့်ရှောက်ခြင်း)**
၎င်းစနစ်မှာ မိမိနေအိမ်ဝန်းကျင် အနီးအနားတွင် ရှိသော သက်ကြီးရွယ်အိုများကို ၎င်းတို့၏မိသားစုက စောင့်ရှောက်မှု မပြုနိုင်သော အချိန်များတွင် မိမိအိမ်သို့ ခေါ်ယူစုစည်းပြီး ကုသိုလ်ယူ စောင့်ရှောက်သောစနစ်ဖြစ်သည်။ ထိုစနစ်သည် မြန်မာ့ဓလေ့ ထုံးတမ်းအစဉ်အလာနှင့် ကိုက်ညီသော စနစ်တစ်ခုဖြစ်သည်။

(ဂ) **Community–Based Care Service (ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း)**
ထိုစနစ်မှာ မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်းရှိ စောင့်ရှောက်သူမဲ့၊ သို့မဟုတ် ဆင်းရဲသောမိသားစုရှိ သက်ကြီးရွယ်အိုများအပေါ် ကိုယ်ချင်းစာနာစိတ်၊ ကုသိုလ်ယူလိုစိတ်၊ လူမှုရေးအသိစိတ်တို့ဖြင့် ဝိုင်းဝန်းတာဝန်ယူ ပြုစုစောင့်ရှောက်ကြသော စနစ်ဖြစ်သည်။

(ဃ) **Group Home Care Service (ဂေဟာတည်ထောင်၍စောင့်ရှောက်ခြင်း)**
ဤသို့သော ဘိုးဘွားစောင့်ရှောက်ရေးဂေဟာများကို ဂျပန်နိုင်ငံတွင် အများအပြားတည်ထောင်ထားသည်ကို တွေ့ရှိရ၏။ အခကြေးငွေယူ၍ စောင့်ရှောက်သောစနစ်ဖြစ်သည်။ ငွေကြေးတတ်နိုင်သော မိသားစုများက ၎င်းတို့ကိုယ်တိုင် မစောင့်ရှောက်နိုင်သော မိအို၊ ဖအိုများကို ၎င်းဂေဟာများတွင် အပ်နှံထားလေ့ရှိကြသည်။ အစိုးရကလည်း ကုန်ကျစရိတ်အချို့ကို မျှဝေကျခံပေးသည်။

(င) **Day Care Centre (နေ့စောင့်ရှောက်ရေးဌာန)**
စီးပွားရေး၊ လူမှုရေးစသည့် အကြောင်း အမျိုးမျိုးဖြင့် နေ့အချိန်တွင် အိမ်ပြင်ပသို့ ထွက်ခွာကြရသော သားသမီးများက အိမ်တွင်ကျန်ရစ်မည့် သက်ကြီး ရွယ်အိုများအတွက် နှောက်ဆံမတင်းရစေရန် နေ့စောင့်ရှောက်ရေးဌာနများသို့ ပို့အပ်စောင့်ရှောက်စေသည့် စနစ်ဖြစ်သည်။ ၎င်းစနစ်ကို ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် ကျင့်သုံးလျက်ရှိသည်။ မြန်မာနိုင်ငံတွင်မူ အဆိုပါဌာနမျိုး ဖွင့်လှစ်ဆောင်ရွက်ခြင်းမရှိသေးပေ။

(စ) **Voluntary Elderly Home (စေတနာ့ဝန်ထမ်းဘိုးဘွားရိပ်သာ)**
စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ဆင်းရဲသော မိသားစုများနှင့် ခိုကိုးရာမဲ့ ဘိုးဘွားများကိုသာ လက်ခံပြုစု စောင့်ရှောက်ရန် ဂေဟာများ ထူထောင်သည့် စနစ်ဖြစ်သည်။ မြန်မာနိုင်ငံအနှံ့အပြားရှိ ဘိုးဘွားဂေဟာ ၅၀ သည် အခမဲ့စောင့်ရှောက်မှုပေးနေသော ဂေဟာများဖြစ်သည်။

**ကျွန်ုပ်တို့မြန်မာနိုင်ငံသည် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို မြန်မာ့ယဉ်ကျေးမှု ထုံးဓလေ့အစဉ်အလာများနှင့်အညီ ပြုစုစောင့်ရှောက်လျက် ရှိသကဲ့သို့ ကုလသမဂ္ဂ၏ အခြေခံမူငါးရပ်ကိုလည်း အလေးအနက်ထားရှိသည်။**

## ဂုဏ်သိက္ခာရှိရှိရပ်တည်ခွင့်ရရှိရေး

အသက်အရွယ်အားဖြင့် ကြီးရင့်ကြသူများသည် လူသားတိုင်း မရရှိနိုင်သည့် “ဝယဝုဒ္ဓိဂုဏ်ရည်”ကို ပိုင်ဆိုင်သူများဖြစ်ကြသည်။ မိမိနေအိမ်ဝန်းကျင်တွင် သက်ကြီးရွယ်အို တစ်ဦးရှိနေခြင်းသည် ကောင်းမြတ်သော မင်္ဂလာတစ်ပါး ဖြစ်သည်။ မိသားစုအကျိုးကို များစွာမသယ်ပိုးနိုင်တော့ဘဲ ကျီးစောင့် ကြက်နှင် မြေးထိန်းရသည့်တိုင် ၎င်းတို့ဂုဏ်အင်သည် တလွင့်လွင့် မြင့်မားနေဆဲ ဖြစ်သည်။ သို့ဖြစ်၍ ၎င်းတို့၏ ပြုမူပြောဆိုဆက်ဆံမှုအပေါ် ခေတ်မမီသူများ၊ စပ်စုတတ်သူများ၊ ဝင်ရောက်စွက်ဖက်တတ်သူများ ဟူ၍ သဘောမထားဘဲ လိုက်လျောညီထွေ နေရာပေးဆက်ဆံမှုပြုကြရမည်။ ကျန်ရှိနေသေးသော လူ့ဘဝသက်တမ်းကာလ၌ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ညှိုးနွမ်းမှုမရှိဘဲ လုံခြုံနွေးထွေးစွာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်နိုင်သော သူများဖြစ်အောင် အားပေးမြှင့်တင်ကြရမည် ဖြစ်သည်။

ယနေ့ခေတ်တွင် နိုင်ငံတကာ၌ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ နည်းစနစ်များစွာကို ကျင့်သုံးလျက် ရှိကြပေသည်။ အာဆီယံအဖွဲ့ကြီးကလည်း အဖွဲ့ဝင်နိုင်ငံများအတွင်း လိုက်နာကျင့်သုံးအပ်သော နည်းစနစ်များကို ချမှတ်ပေးထား၏။ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့သည် အာဆီယံနိုင်ငံများနှင့် ပူးပေါင်း၍ ပိုမိုကောင်းမွန်သော သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ နည်းစနစ်များ ရရှိရေးကို ညှိနှိုင်းဖော်ထုတ်လျက် ရှိသည်။ မျက်မှောက်ခေတ် သက်ကြီးရွယ်အို စောင့်ရှောက်မှုဆိုင်ရာ နည်းစနစ်များကို အကျဉ်းမျှဖော်ညွှန်းလိုသည်။ အာဆီယံနိုင်ငံများ အပါအဝင် အရှေ့အာရှနိုင်ငံများတွင် သက်ကြီးရွယ်အို စောင့်ရှောက်မှုဆိုင်ရာ အောက်ဖော်ပြပါ နည်းစနစ်များကို ကျင့်သုံးနေကြပြီဖြစ်သည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ဘိုးဘွားဂေဟာများကို ထူထောင်၍ စနစ်တကျ စောင့်ရှောက်မှုပေးလျက်ရှိသည်။ ဤလုပ်ငန်းသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် မဆောင်ရွက်နိုင်သေးသော လုပ်ငန်းဖြစ်သည်။ အိမ်အရောက်စောင့်ရှောက်ခြင်းစနစ်(Home Care Service)ကို ကိုရီးယားသမ္မတနိုင်ငံမှ Help Age Korea အဖွဲ့၏ အကူအညီဖြင့် အင်းစိန်နှင့် လှိုင်သာယာမြို့နယ်တို့တွင် စတင်လေ့လာ ဆောင်ရွက်လျက် ရှိနေပြီဖြစ်သည်။ ဆက်လက်တိုးချဲ့ဆောင်ရွက်သင့်သော စနစ်တစ်ခုဟု ယူဆမိသည်။ သို့မှသာ ရပ်ကွက်၊ကျေးရွာများမှ ဘိုးဘွားရိပ်သာသို့မပို့လို၊ မလာလိုကြသော သက်ကြီးရွယ်အိုများကို အထက်ပါနည်းစနစ်ဖြင့် စောင့်ရှောက်မှု ပေးနိုင်ကြမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နည်းလမ်းများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ အသက်ရှည်သူ ပိုများလာ၏။ သက်ကြီးရွယ်အိုအရေအတွက် တစ်နေ့တခြား တိုးပွားလျက်ရှိ၏။ ဤသို့ တိုးပွားလာမှုသည် တားဆီး၍မရကောင်းသော လူမှုရေးပြဿနာတစ်ရပ် ဖြစ်လာသည်။ စင်ကာပူနှင့်ဂျပန်နိုင်ငံတို့၌ သက်ကြီးရွယ်အိုတိုးပွားမှုမှာ အစိုးရနှင့်ပြည်သူလူထုအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးတစ်ရပ်ဖြစ်နေပေသည်။ ဂျပန်နိုင်ငံ၌ ယခုအချိန်တွင် အလုပ်လုပ်နိုင်သည့်အရွယ် နိုင်ငံသား ၃ ဒသမ ၆ ဦးက သက်ကြီးရွယ်အိုတစ်ဦးကို စောင့်ရှောက်နေရသည်။ ကိန်းဂဏန်းမျှော်မှန်းတွက်ချက်မှုအရ ၂၀၂၀ ပြည့်နှစ်တွင်မူ အလုပ်လုပ်နိုင်သူ ၁ ဒသမ ၇ ဦးက သက်ကြီးရွယ်အိုတစ်ဦးကို စောင့်ရှောက်ရတော့မည်ဖြစ်ရာ သက်ကြီးရွယ်အို တိုးပွားမှုနှုန်းမှာ ရင်မောဖွယ်ရာဖြစ်ပေသည်။

**ကျွန်ုပ်တို့မြန်မာနိုင်ငံသည် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို မြန်မာ့ယဉ်ကျေးမှု ထုံးဓလေ့အစဉ်အလာများနှင့်အညီ ပြုစုစောင့်ရှောက်လျက် ရှိသကဲ့သို့ ကုလသမဂ္ဂ၏ အခြေခံမူငါးရပ်ကိုလည်း အလေးအနက်ထားရှိသည်။** သို့ဖြစ်၍ အထက်ဖော်ပြပါ သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆိုင်ရာ နည်းစနစ်များအနက် မိမိတို့ ရပ်ရွာဒေသနှင့် ကိုက်ညီမည့်နည်းစနစ်အချို့ကိုလည်း ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးပွားပါစေကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။






**အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့**

**၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့**

**INTERNATIONAL DAY OF OLDER PERSONS**

**1st OCTOBER 2004**

**သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့**

**“ TOWARDS A SOCIETY FOR ALL AGES”**



မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ စစ်ကိုင်းတိုင်းမှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်တစ်ဝန်းလုံး ဘက်ပေါင်းစုံတွင် သိသာစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို အားလုံးခံစားနေရပြီ စစ်ကိုင်းတိုင်းတွင် မိုးစပါးဧက သိန်း ၂၀ စိုက်ပျိုးပြီး စပါးတင်းသိန်း ၈၀၀ ပိုလျှံရေး ရည်မှန်းချမှတ်ထား လက်တွေ့အကောင်အထည်ဖော်နိုင်မည့် စီမံချက်များရေးဆွဲတင်ပြပြီး ဖိဖိစီးစီးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၉

**စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသော မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာ ၂၇ ရက် နံနက် ၁၀နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် စစ်ကိုင်းတိုင်း၏ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။**

## တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန မှဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိနှင့်အတူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများပါဝင်သော အဖွဲ့အနေဖြင့် စစ်ကိုင်းတိုင်း၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

## ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တစ်ဝန်းလုံးကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံတို့တွင် သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို အားလုံးသိမြင်ခံစားနေကြရပြီ ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရရှိပြီး နှစ်ပေါင်း ၅၀ ခန့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကိုထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းအရ အထင်အရှားတွေ့မြင်ကြရမှာဖြစ်ကြောင်း။

## အခြေခံကောင်းများရရှိ

ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်ကိုလုံခြုံအောင်၊ တည်ငြိမ်အောင်၊ တရားဥပဒေစိုးမိုးပြီး ရပ်ရွာအေးချမ်းသာယာအောင် ဦးစားပေးဆောင်ရွက်ခဲ့ရာ ယခုအခါ မိမိတို့နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု၊ ရပ်ရွာအေးချမ်းသာယာမှုစသည့် အခြေအနေကောင်းများခိုင်မာစွာ ရရှိပြီးဖြစ်သည့်အပြင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကိုလည်းရရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်ရန် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

## ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် လူ့စွမ်းအား အရင်းအမြစ်များ မရှိမဖြစ်လိုအပ်သည့်အတွက် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု ရွေးချယ် သတ်မှတ်၍ တက္ကသိုလ်များ၊ ကွန်ပျူတာကောလိပ်များ၊ နည်းပညာကောလိပ်များ၊ဆေးရုံကြီးများ ထူထောင်ပေးပြီး ကျန်းမာကြံ့ခိုင်၍ ပညာရည် မြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များရရှိအောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် စိတ်စေတနာအပြည့်ထားပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍ၌ ဘက်စုံပညာထူးချွန်ရေးအတွက် ရည်မှန်းချက်များ စနစ်တကျချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးများကျောင်းနေနိုင်ရေး၊ မူလတန်း အောင်မြင်သည့်ကျောင်းသား ကျောင်းသူများအား အလယ်တန်းပညာ ဆက်လက်သင်ယူဆည်းပူးနိုင်ပြီး အထက်တန်းပညာရပ်များကိုပါ ဆက်လက်သင်ယူဆည်းပူးနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်ပြီး ဘာသာရပ်အသီးသီးကို သင်ယူတတ်မြောက်နိုင်အောင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

လစဉ်ဆန်းစစ်ခြင်းနှင့် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းတို့ဖြင့် ကျောင်းသား ကျောင်းသူများအား အမှန်တကယ် စာတတ်မြောက်အောင်သင်ကြားပေးနိုင်ရုံမက အများကောင်းကျိုးလိုလားသူများ၊ အနာဂတ်အတွက် အားထားရသူများ၊ ဘက်စုံ ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရန်တို့အတွက် ကျောင်းသား၊ မိဘနှင့် ဆရာသုံးဦး သုံးဖလှယ် ပေါင်းစပ်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။



**မြန်မာနိုင်ငံပညာရေး ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ် ချုပ် ကြီး သိန်းစိန် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ စစ် ကိုင်း တိုင် းမှ ထူးချွန်စွာအောင် မြင် ခဲ့ ကြ သည့် ကျောင်း သား ကျောင်း သူ များ အား ပညာရည် ချွန် ဆုပေးပွဲ အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသော ချောင်းဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မသက်သက်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**

## ပညာတတ်များပေါ်ထွက်

အခြေခံပညာ ကဏ္ဍ၌သာမက ဒေသအသီးသီးတွင် အဆင့်မြင့်ပညာများကို သင်ယူနိုင်အောင် နိုင်ငံတော်က အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ထူးချွန်ထက်မြက်သည့် ပညာတတ်များစတင်ပေါ်ထွက်လာနေပြီဖြစ်ကြောင်း။

ယင်းပညာတတ်များက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်သွားရမှာဖြစ်ရာ နိုင်ငံတော်အနေဖြင့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် ဆက်လက်အားပေးပျိုးထောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဆရာ၊ မိဘနှင့် ကျောင်းသား ကျောင်းသူများ အပိုင်းကလည်း အားသွန်ခွန်စိုက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

## ဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးကဏ္ဍတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိရာတွင် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပပေးလျက်ရှိကြောင်း၊ အမျိုးသား ညီလာခံ ကျင်းပခြင်းအပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းရပ်များအားလုံး အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

***စာမျက်နှာ ၁၂ ကော်လံ ၁ သို့***

30-9 (11).p65 1 24.03.1905, 12:34 PM

*စာမျက်နှာ ၁၁ မှ*

ထို့နောက် စစ်ကိုင်းတိုင်းပညာရေးမှူးဦးအုန်းကျော်က စစ်ကိုင်းတိုင်းအတွင်း နှစ်အလိုက် ပညာရည်တိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**ဆုများချီးမြှင့်**

ယင်းနောက် ဆုချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ခြောက်ဘာသာဂုဏ်ထူးရ စစ်ကိုင်းယင်းမာပင်မြို့နယ်အတွက် မြို့နယ်ပညာရေးမှူးသို့လည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လေးဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူ လေးဦးနှင့် တတိယအောင်ချက်အကောင်းဆုံးကျောင်းဆုရ ဝက်လက်မြို့နယ် ရှိမ္ဘကားအခြေခံပညာ အထက်တန်းကျောင်းနှင့် တတိယအောင်ချက် အကောင်းဆုံးမြို့နယ်ဆုရ မင်းကင်းမြို့နယ်တို့ရေးကောင်စီရုံး မြသလွှာခန်းမ၌ကျင်းပသည့် စစ်ကိုင်းတိုင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်းနှင့်ခရိုင်ရှစ်ခရိုင်မှ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားဆောင်ရွက်ပေးလျက်ရှိသည့် ဆည်မြောင်း၊ တာတမံများ၊ မြစ်ရေတင်စီမံကိန်းများမှ ရရှိသည့် စိုက်ပျိုးရေများကို အကျိုးရှိရှိ အသုံးချပြီး သီးနှံများကို စိုက်ပျိုးရာတွင် စိုက်စနစ်မှန်ကန်ရေး၊ အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် သဘာဝမြေဩဇာပေါင်းစပ်ပြီး ထိရောက်စွာသုံးစွဲရေး၊ ရေတော်မိုးတော်ဖြစ်ရေးဆိုသည့် နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးရေးနှင့် သီးထပ်စိုက်ပျိုးမှုစွမ်းအား တိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်ကာ ဖိဖိစီးစီး ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စစ်ကိုင်းတိုင်း၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေရရှိရေး နည်းလမ်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနများအလိုက် အဆက်အစပ်ရှိရှိ စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပုံတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှာကြားသည်။

**မြန်မြန်ဆန်ဆန်တင်ပြ**

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ကျေးလက်ဒေသအရောက်ကွင်းဆင်းပြီး တိတိကျကျ လက်တွေ့ဆောင်ရွက်သွားကြရန် လိုအပ်ပုံ၊ စိုက်ပျိုးမြေသစ်တိုးချဲ့ဖော်ထုတ်ရေးနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းတို့ကို

# နိုင်ငံတော်အစိုးရက စိုက်ပျိုးမြေတိုးတက်လာရေးနှင့် သီးထပ်စိုက်ပျိုးမှုစွမ်းအားမြင့်မားရေးဆောင်ရွက်နေ မြို့နယ်တာဝန်ရှိသူများအောက်ခြေအထိကွင်းဆင်းပြီး တိုးချဲ့စိုက်ပျိုးနိုင်မည့်နည်းလမ်းရှာကြံ တွန်းအားပေး

ရွာသစ်ကြီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ မောင်ဇေယျာဖြိုး၊ ဒီပဲယင်းအခြေခံပညာအထက်တန်းကျောင်းမှ မခွာညိုကျော်၊ ချောင်းဦးအခြေခံပညာအထက်တန်းကျောင်းမှ မသက်သက်၊ ကောလင်းအခြေခံပညာအထက်တန်းကျောင်းမှ မစိုးစုစုဆွေနှင့် မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မသဲဖြူငွေးတို့အားလည်းအတွက် ကျောင်းအုပ်ကြီးနှင့် မြို့နယ်ပညာရေးမှူးတို့ထံသို့ ဆုများချီးမြှင့်သည်။

ဆက်လက်၍ဝန်ကြီးများ၊ဒုတိယဝန်ကြီးများက လေးဘာသာဂုဏ်ထူးရကျောင်းသားကျောင်းသူ ၂၀၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူ၃၇ဦး၊နှစ်ဘာသာဂုဏ်ထူးရကျောင်းသားကျောင်းသူ၁၅၅ဦးနှင့် တစ်ဘာသာဂုဏ်ထူးရ ကျောင်းသားကျောင်းသူ၁၁၈၅ဦးတို့အား ဆုများပြောကြားရာတွင် မိမိဦးဆောင်သည့်အဖွဲ့သည် စစ်ကိုင်းတိုင်းအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

**စပါးတင်း သိန်း၈၀၀ ပိုလျှံရမည်**

စစ်ကိုင်းတိုင်းအနေဖြင့် ၁၉၈၈–၈၉ခုနှစ်တွင် စပါးစိုက်ဧက ၁၂သိန်းစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့အပြင် စိုက်ပျိုးစရိတ်ကုန်ကျငွေများ လျှော့နည်းကျဆင်းရေးနှင့် စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့ပြီးသည်အထိ လေလွင့်ဆုံးရှုံးမှုနည်းပါးရေးတို့အတွက်လည်း နည်းလမ်းရှာကြံဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် စစ်ကိုင်းတိုင်းအတွင်းဖြစ်ထွန်းသည့် ဆီထွက်သီးနှံများ

ဆက်လက်၍ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်း မြေအသုံးချမှု၊ မိုးစပါးစိုက်ပျိုးမှု၊ မိုးစပါးစိုက်ဧက သိန်း၂၀ ပြည့်မီရေး ရည်မှန်းချက်အပေါ် ဆောင်ရွက်မည့် အစီအစဉ်၊ မိုးစပါးဧက သိန်း၂၀စိုက်ပျိုးရန် ရည်မှန်းချက်အပေါ် ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် ဆောင်ရွက်ပြီးစီးမှု၊ ရေရရှိရေး လုပ်ငန်းဒွန်တွဲဆောင်ရွက်သွားရန်လိုအပ်ပုံနှင့် မိမိတို့၏ တွေ့ရှိချက်များ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို အထက်အဆင့်ဆင့်သို့ မြန်မြန်ဆန်ဆန်တင်ပြသွားရန် လိုအပ်ပုံတို့ကို အကျယ်တဝင့်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ






**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး မြေနေရာနှင့်ပတ်သက်သည့် အချက်အလက်အသေးစိတ်ကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

ကောင်း၊ အောင်ချက်အကောင်းဆုံးကျောင်းဆုရ စစ်ကိုင်းမြို့နယ် အုန်းတော အခြေခံပညာ အထက်တန်းကျောင်းအတွက် ကျောင်းအုပ်ဆရာမကြီးနှင့် အောင်ချက်အကောင်းဆုံးမြို့နယ်ဆုရ ချောင်းဦးမြို့နယ်အတွက် မြို့နယ်ပညာရေးမှူးသို့လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ငါးဘာသာဂုဏ်ထူးရ ကလေးမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(အထကခွဲ)မှမောင်စိုးမင်းသူ၊ အင်းတော်မြို့နယ်မော်လူးအခြေခံပညာအထက်တန်းကျောင်းမှ မောင်မျိုးဝေ၊ ယင်းမာပင်မြို့အခြေခံပညာအထက်တန်းကျောင်းမှ မအေးအေးဆွေ၊ ရွှေဘိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မချစ်သက်မွန်၊ မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မခင်နီလာအောင်နှင့် မုံရွာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မအေးမွန်ဦးတို့အားလည်းကောင်း၊ ဒုတိယအောင်ချက်အကောင်းဆုံးကျောင်းဆုရ ယင်းမာပင်မြို့ အခြေခံပညာအထက်တန်းကျောင်း အတွက် ကျောင်းအုပ်ဆရာကြီးနှင့် ဒုတိယအောင်ချက်အကောင်းဆုံးမြို့နယ်ဆုရချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ ခုတင်(၂၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်၊ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်သိန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် လူနာကုသခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးခန့်ရှိရာမှ ယခုအချိန်တွင် ဧက ၁၇ သိန်းကျော်အထိ ပုံမှန်တိုးချဲ့ စိုက်ပျိုးနိုင်သည့်အတွက် ဒေသဆန်ဖူလုံသည့်အပြင် စပါးတင်း သိန်း ၄၀၀ခန့် နှစ်စဉ်ပိုလျှံနေသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရမည်၊ မိုးစပါးဧက သိန်း ၂၀အထိ တိုးချဲ့စိုက်ပျိုးပြီး စပါးတင်း သိန်း ၈၀၀ပိုလျှံရမည်ဆိုသည့် ရည်မှန်းချက်ကို ချမှတ်ပေးထားကြောင်း။

ထို့ကြောင့် စစ်ကိုင်းတိုင်းအနေဖြင့် စပါးတိုးချဲ့စိုက်ပျိုးရန် တာဝန်ရှိသကဲ့သို့ ဝါ၊ ပဲအမျိုးမျိုး၊ မြေပဲ၊ နှမ်း၊ နေကြာ စသည့် သီးနှံမျိုးစုံကိုလည်း တိုးချဲ့စိုက်ပျိုးရန် တာဝန်ရှိနေပြီဖြစ်ကြောင်း၊ မြေဧက တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်သကဲ့သို့ အဓိကသီးနှံ ၁၀မျိုးအတွက် သတ်မှတ်ပေးထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

**စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး**

နိုင်ငံတော်က အားထားရသည့် တိုင်းကြီး ခြောက်တိုင်းတွင် စစ်ကိုင်းတိုင်းသည်လည်း ပါဝင်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က တည်ဆောက်အကောင်အထည်ဖော်တိုးချဲ့စိုက်ပျိုးရေး၊ အမယ်သစ်(အမည်သစ်)သီးနှံသုံးမျိုးဖြစ်သည့် လက်ဖက်၊ ကော်ဖီနှင့် ငရုတ်ကောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် နှစ်ရှည်ပင်သီးနှံသုံးမျိုးဖြစ်သည့် ရော်ဘာ၊ ဆီအုန်းနှင့် သစ်ဆိမ့်ပင်များအနက် မိမိတို့ဒေသနှင့် ကိုက်ညီသည့်သီးနှံများကို ရွေးချယ်ပြီး တိုးတက်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရန်လိုကြောင်း။

**ဖိဖိစီးစီးဆောင်ရွက်**

အထူးသဖြင့် စစ်ကိုင်းတိုင်းအနေဖြင့် နိုင်ငံတော်က တိုးချဲ့သတ်မှတ်ပေးထားသည့် မိုးစပါးစိုက်ဧက သိန်း ၂၀ ကို သုံးနှစ်အတွင်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက အောက်ခြေကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ရေ၊ မြေအခြေအနေ၊ စိုက်ပျိုးမြေတိုးချဲ့ရရှိနိုင်မည့်နည်းလမ်းနှင့် စိုက်ပျိုးရေ ရရှိနိုင်မည့်နည်းလမ်းများကို လေ့လာကာ အမှန်တကယ်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စီမံချက်များရေးဆွဲတင်ပြများဆောင်ရွက်မှု၊ စက်ယန္တရားကြီးများဖြင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်မှု၊ မိုးသီးနှံ စိုက်ပျိုးပြီးစီးမှု၊ နွေစပါးနှင့်ဆောင်းသီးနှံစိုက်ပျိုးရန်လျာထားမှုအခြေအနေ၊ အဓိကသီးနှံ ၁၀မျိုးစိုက်ပျိုးမှု၊ ဒေသဆန်နှင့်ဆီဖူလုံမှု၊ ၂၀၀၄–၂၀၀၅ ခုနှစ် ဩဂုတ်လကုန်အထိ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတို့က စစ်ကိုင်းတိုင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မိုးစပါးဧက သိန်း ၂၀ စိုက်ပျိုးရန် ရည်မှန်းချက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနများက ကဏ္ဍများအလိုက် ပံ့ပိုးပေးမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ မုံရွာမြို့ မုံရွာတောင်ရပ်ကွက်၌ တည်ဆောက်မည့် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်ရေးကော်မတီရုံးနှင့် ဆိုင်ခန်းများ တည်ဆောက်မည့် မြေနေရာသို့ သွားရောက်ကြည့်ရှုသည်။

**ပြည်ထောင်စုလမ်းမကြီးစစ်ဆေး**

ဆက်လက်၍ အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် မုံရွာ ဘိုးဘွားရိပ်သာမှ ကျွဲရဲလမ်းဆုံအထိ ၇ဒသမ ၂၉မိုင်ရှိ ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ပြီးစီးမှု အခြေနေကို မော်တော်ယာဉ်များဖြင့်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မုံရွာမြို့မှ ထွက်ခွာကြရာ မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁*

*စာမျက်နှာ ၁၂ မှ*

အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ဆွေးနွေးမှာကြား

ယင်းနောက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ မန္တလေးတိုင်းစိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မန္တလေးတိုင်းအတွင်းရှိ ခရိုင်ခုနစ်ခရိုင်မှ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် စိုက်ပျိုးရေးဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ မန္တလေးတိုင်းလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မန္တလေးတိုင်း၏ မိုးစပါးဧကဝသိန်း စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ၂၀၀၄–၂၀၀၅ခုနှစ် မြေအသုံးချမှုနှင့် သီးနှံများစိုက်ပျိုးမည့် အခြေအနေ၊ ၂၀၀၄–၂၀၀၅ခုနှစ်မှ စတင်မည့် မိုးစပါးဧက ၁၀သိန်း စိုက်ပျိုးရေး သုံးနှစ်စီမံကိန်းအရ မိုးစပါး နှစ်အလိုက် စိုက်ပျိုးရန် ရည်မှန်းချက်၊ ရေရရှိမှုနည်းလမ်းများအလိုက် မိုးစပါး စိုက်ပျိုးရန် လျာထားချက်၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ၂၀၀၃–၂၀၀၄ခုနှစ် အဓိကသီးနှံများ၏ ပန်းတိုင်ရည်မှန်းချက်နှင့်အညီ စိုက်ပျိုးထွက်ရှိမှုတို့နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မိတ္ထီလာလွင်ပြင် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို အဆင့်(၁) မိတ္ထီလာကန် ရေပိုမိုသိုလှောင်နိုင်ရန်အတွက် ရေဖြည့်တင်းပေးသည့် နည်းလမ်းများအနက် နည်းလမ်း(၁)ဖြင့် မိတ္ထီလာကန်သို့ ရေဖြည့်တင်းပေးနိုင်မည့် နည်းလမ်းများစီစဉ်ဆောင်ရွက်ခြင်း၊ နည်းလမ်း(၂)ဖြင့် တပ်ကုန်း–ဆင်သေရေလွှဲဆည်မှမိတ္ထီလာခရိုင်သို့ ရေသွယ်ယူမည့်အစီအစဉ်၊ နည်းလမ်း(၃)ဖြင့် ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံမှ မိတ္ထီလာခရိုင်သို့ ရေသွယ်ယူမည့်အစီအစဉ်၊ အဆင့်(၂)မိတ္ထီလာလွင်ပြင်ရှိ ကောနေသော ဆည်၊ ကန်များကို ပြန်လည်ပြုပြင်ခြင်း၊ နှုန်းဆယ်ခြင်းနှင့် အဆင့်(၃) ဒုဋ္ဌဝတီမြစ်(မြစ်ငယ်မြစ်)မှ ရေကို လိုအပ်သလို ထုတ်ယူသုံးစွဲခြင်းစသည့် အဆင့်များဖြင့် စိုက်ပျိုးရေတိုးတက်ရရှိရေး နည်းလမ်းများဖြင့် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဆက်စပ်ဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြသည့်စိုက်ပျိုးရေးဆိုင်ရာ စိုက်ဧကများ၊ စိုက်ပျိုးနိုင်မှုများ၊ သီးနှံထွက်ရှိမှုများအားလုံးသည် လက်တွေ့စာရင်းဇယားများနှင့်အညီ တိတိကျကျ မှန်မှန်ကန်ကန်ဖြစ်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်နေသည့် နည်းလမ်းများအတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်များက ညှိနှိုင်းဆက်စပ်ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးမှာကြားရာတွင် မိမိတို့ အဖွဲ့အနေဖြင့် မန္တလေးတိုင်းအတွက် နိုင်ငံတော်က တာဝန်ပေးထားသည့် မိုးစပါးဧက ၁၀ သိန်း တိုးချဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ မန္တလေးတိုင်း၏ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် စစ်ကိုင်းတိုင်း ခရီးစဉ်မှတစ်ဆင့် မန္တလေးတိုင်းသို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

## အားထုတ်ကြိုးပမ်း

မန္တလေးတိုင်း၏မိုးစပါး စိုက်ပျိုးနိုင်မှုအခြေအနေကို လေ့လာပါကယခင် ၂၀၀၃–၂၀၀၄ခုနှစ် မိုးစပါးဧက ၆ဒသမ၁သိန်းကျော် စိုက်ပျိုးနိုင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ထို့ကြောင့် နိုင်ငံတော်က တာဝန်ပေးထားသည့် မိုးစပါးစိုက်ဧက ၁၀သိန်း ပြည့်မီရန် များစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာကဏ္ဍအပေါ်တွင် တည်မှီနေကြောင်း၊ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကိုချမှတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စပါးပိုလျှံရမည်၊ ဆီထွက်သီးနှံဖူလုံရမည်၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်ထုတ်လုပ်၍ပြည်ပသို့ တင်ပို့နိုင်ရမည်ဆိုသည့် ရည်မှန်းချက်သုံးရပ်ကိုချမှတ်၍ ဆည်မြောင်းတာတမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများကို ရေးဆွဲကာ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိပြီး စပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုး တိုးချဲ့စိုက်ပျိုးရေး သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးမြေများ ပိုမိုတိုးတက်လာစေရေးနှင့် သီးထပ်စိုက်ပျိုးမှုစွမ်းအား မြင့်မားလာစေရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်လျက်ရှိခြင်းမှာ နောင်တိုးပွားလာမည့် နိုင်ငံတော်၏လူဦးရေအတွက်ပါ မျှော်မှန်းပြီး နိုင်ငံသားများအားလုံး ဝဝလင်လင် စားသုံးနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## သီးထပ်စွမ်းအားမြင့်မားရေး

ထို့ကြောင့် မန္တလေးတိုင်းအတွက် သတ်မှတ်တာဝန်ပေးထားသည့် မိုးစပါးစိုက်ဧက၁၀သိန်းကို သုံးနှစ်အတွင်း ပြည့်မီအောင် စိုက်ပျိုးမြေများတိုးချဲ့ပြီး ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများမှရရှိသည့် စိုက်ပျိုးရေကို အကျိုးရှိရှိ သုံးစွဲအသုံးချ စိုက်ပျိုးကြရမှာဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင်လည်း စိုက်စနစ်မှန်ကန်ရေး၊ အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများပေါင်းစပ်ပြီး ထိရောက်စွာသုံးစွဲရေး၊ ရေတော်မိုးတော်ဖြစ်ရေးဆိုသည့် နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးရေးနှင့်သီးထပ်စိုက်ပျိုးမှုစွမ်းအား တိုးတက်မြင့်မားရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၏ တင်ပြချက်အရ မန္တလေးတိုင်းတွင် မိုးစပါးဧက ၁၀ သိန်း တိုးမြှင့်စိုက်ပျိုးရန်အတွက် နှစ်နှစ်စီမံကိန်းနှင့် သုံးနှစ်စီမံကိန်းတို့ဖြင့် စီမံကိန်းနှစ်ရပ် ရေးဆွဲဆောင်ရွက်ရန် စီမံထားသည်ကို သိရှိရကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးမြေတိုးချဲ့နိုင်ရေးအတွက် ဆောင်ရွက်ရန်၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းရှာကြံဆောင်ရွက်ရန်၊ လက်ရှိ ဆည်၊ ကန်နှင့် မြစ်ရေတင်လုပ်ငန်းများကို ပြုပြင်ဆောင်ရွက်ရန်၊ ဆည်ပြီး မြောင်းပြီး စနစ်ဖြင့် ဆောင်ရွက်ရန်၊ ဆည်ရေသောက်ဧရိယာဧက သတ်မှတ်ထားသော်လည်း အမှန်တကယ်ရေပေးဝေနိုင်ခြင်း ရှိမရှိစိစစ်ပြီး စိုက်ပျိုးရေအပြည့်အဝရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မှ တာဝန်ရှိသူများ အနေဖြင့်လည်း အောက်ခြေအထိ ကွင်းဆင်းပြီး စိုက်ပျိုးရေးနှင့် ပတ်သက်သည့် စာရင်းဇယားများမှန်ကန်ရေး၊ တိုးချဲ့စိုက်ပျိုးနိုင်မည့် နည်းလမ်းများရှာကြံရေးနှင့် အောက်ခြေဝန်ထမ်းများ၊ စိုက်ပျိုးသူတောင်သူလယ်သမားများနှင့် အစဉ်ထိတွေ့ပြီး တွန်းအားပေးရေးတို့ကို ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

## လုပ်ငန်းဆိုင်ရာများမှာကြား

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေသည် စက်တင်ဘာ၂၅ရက် ညနေပိုင်းတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့မှူးရုံး၌ တိုင်း၊ ခရိုင်နှင့် စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများမှာကြားသည်။

## ဖြည့်ဆည်းပေး

အလားတူ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် စက်တင်ဘာ၂၅ရက် ညနေပိုင်းတွင် မုံရွာမြို့ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခန်းမ၌ မြန်မာ့လေကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအားတွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများမှာကြားပြီး တင်ပြချက်များအပေါ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် စက်တင်ဘာ၂၅ရက် ညနေပိုင်းတွင် မုံရွာမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံး(က)အဆင့် (ချင်းပြည်နယ်၊စစ်ကိုင်းတိုင်း)နှင့်သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(ခ) အဆင့်ဌာနသို့ သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားကာ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(ခ)အဆင့် မုံရွာမြို့ရုံးအတွင်း ယာယီတည်ဆောက်မည့် ဒီဇယ်ဆီဂါလန် ၃၂၀၀ဆံ့ မြေပေါ်သိုလှောင်ကန်တစ်လုံးနှင့် ဓာတ်ဆီဂါလန်၃၂၀၀ဆံ့ မြေအောက်သိုလှောင်ကန်တစ်လုံး တည်ဆောက်မည့်နေရာများကိုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မုံရွာမြို့ အလုံမင်းဒေါင့်ရပ်ချင်းတွင်းမြစ်ကမ်းနဖူးအနီးရေကြောင်းမှတစ်ဆင့် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးနိုင်ရန် ရွေးချယ်ထားသောမြေနေရာအသစ်သို့ သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် စက်တင်ဘာ ၂၅ရက် ညနေပိုင်းတွင် မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စစ်ကိုင်းတိုင်း တိုင်းခရိုင်နှင့်မြို့နယ်ပညာရေးမှူးများအားတွေ့ဆုံကာ သင်ကြားစီမံဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် စက်တင်ဘာ ၂၅ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ရှိ တိုင်းပြည်သူ့ဆေးရုံကြီး၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းနှင့် တိုင်းရင်းဆေးရုံတို့သို့ လည်းကောင်း၊ စက်တင်ဘာ ၂၆ရက် မွန်းလွဲပိုင်းတွင် ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံသို့လည်းကောင်း သွားရောက်၍ ဆေးကုသမှုဆိုင်ရာများ၊ သင်ကြားရေးဆိုင်ရာများကို တာဝန်ရှိသူတို့အား မှာကြားပြီး လူနာဆောင်၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

၂၈–၉–၂၀၀၄

**ပဲခူးမြို့**
၂ ဒသမ ၅၁ လက်မ

**ဘားအံမြို့**
၂ ဒသမ ၁၃ လက်မ

**ပူတာအိုမြို့**
၁ ဒသမ ၈၁ လက်မ

*စာမျက်နှာ ၇ မှ*

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့်တစ်ပြိုင်တည်း လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြို့သစ်ရေလှောင်တမံ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က မြို့သစ်ရေလှောင်တမံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဒေသခံပြည်သူများနှင့်အတူ မြို့သစ်ရေလှောင်တမံဖွင့်ပွဲမှခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် မြို့သစ်ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ရှေးဦးစွာ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်က မြို့သစ်ရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊စီမံကိန်းလုပ်ငန်းကြီးတစ်ခုလုံး ပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မုံရွာမြို့နယ်နှင့်ဘုတလင်မြို့နယ်များအတွင်း ဖြတ်သန်းစီးဆင်းသော သဒဲချောင်း ရေဝေရေလဲဧရိယာအတွင်းဆက်လက်ဆောင်ရွက်သွားမည့် ရေလှောင်တမံငယ်များ၊ ဆည်အစုအဖွဲ့များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

## ဖြည့်စွက်ရှင်းလင်းတင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က စစ်ကိုင်းတိုင်းအတွင်းရှိ ဆည်မြောင်းတာတမံများ တည်ဆောက်ပြုပြင်ထိန်းသိမ်းမှုများတွင် ကြီးကြပ်ဆောင်ရွက်ပေးနေမှုတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရေလှောင်တမံကြီး၏ စီမံကိန်းတစ်ခုလုံးနှင့် ဆက်လက်တည်ဆောက်သွားမည့် ရေလှောင်တမံငယ်များ၊ ဆည်အစုအဖွဲ့များ၊ စီမံကိန်းရည်မှန်းချက်ပါ ရည်ရွယ်ချက်များအတိုင်း အချိန်မီပြီးစီးဆောင်ရွက်သွားရေး မှာကြားသည်။

ယခုဖွင့်လှစ်သည့် မြို့သစ်ရေ လှောင်တမံမှာ တမံအမြင့် ပေ ၆၀၊ တမံအလျားပေ ၂၆၀၀ရှိ မြေသားတမံအမျိုးအစားဖြစ်သည်။ မြို့သစ်ရေလှောင်တမံစီမံကိန်းကို ဆောင်ရွက်ခြင်းကြောင့် မုံရွာမြို့ ရေကြီးမှုမှ လျော့နည်းစေခြင်း၊ မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသော ဘုတလင်–ရေဦး ကားလမ်းလမ်းကြောင်း ပြတ်တောက်ခြင်းမှ ကာကွယ်ခြင်း၊ ဘုတလင်မြို့နယ်အတွင်းမှ လယ်မြေဧရိယာဧက ၂၅၀၀ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် အနီးဝန်းကျင်ရှိ ကျေးရွာများသို့ လူသုံးရေနှင့် ကျွဲနွားတိရစ္ဆာန် သောက်သုံးရေများ ဖူလုံစွာရရှိနိုင်ရန် ရည်ရွယ်တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**


# စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

## ကျေးလက် သတင်းနှင့် မြင်ကွင်း

စက်တင်ဘာ ၁၃ရက်က မြောင်းမြခရိုင် ပြင်စလူမြို့ ဆားချက်ကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်ဦးစီးဌာနမှူး ဦးတင်ထွန်းက ဆားချက်ကျေးရွာဥက္ကဋ္ဌ ဦးအောင်မင်းထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)



## နတ်တလင်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

**နတ်တလင်း စက်တင်ဘာ ၁၈**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင်နတ်တလင်းမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုလုံးကျွတ် ဖွင့်လှစ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်းရေးမှူး ဦးသန်းလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ဝင်းတို့သည် စက်တင်ဘာ ၁၄ ရက်က တောင်ညိုမြို့သစ် အောင်ရတနာကျေးရွာအုပ်စု၌ ရှုမဝစာကြည့်တိုက်ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကိုငြေး၊ ဆီဆုံကုန်းကျေးရွာအုပ်စု၌ မြင့်မြတ်စာကြည့်တိုက်ကို ကျေးရွာရပ်မိရပ်ဖ ဦးမြင့်ဆွေ၊ အောင်မြန်မာ (၁)ကျေးရွာအုပ်စု ပညာအလင်းရောင်စာကြည့်တိုက်ကို ကျေးရွာရပ်မိရပ်ဖ ဦးတင်ဝင်း**(အပေါ်ပုံ)**၊ အောင်မြန်မာ(၂) ကျေးရွာအုပ်စု၌ ရောင်ခြည်ဦးစာကြည့်တိုက်ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးချိုဦးနှင့် အောင်သာယာကျေးရွာအုပ်စု ဘဝအလင်းရောင်စာကြည့်တိုက်ကို ကျေးရွာရပ်မိရပ်ဖ ဦးရဲထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး စာကြည့်တိုက်တစ်ခုလျှင် စာအုပ်မျိုးစုံ ၅၀ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်တင်ဝင်းက လှူဒါန်းသည်။**(မြို့နယ် ပြန်/ဆက်)**



## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာဖို့

## ခရမ်းမြို့ ကျေးလက်သောက်သုံးရေရရှိရေးဆောင်ရွက်

**ခရမ်း စက်တင်ဘာ ၂၇**

ခရမ်းမြို့ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောက်ရွက်သောနှစ်လက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် အင်ဂျင်ရုံ အုတ်ရေကန်ဆောင်ရွက်မှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဖော်သန်း စက်တင်ဘာ ၂၆ရက်က ကွင်းဆင်းစစ်ဆေးရာ ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် လုပ်ငန်းအင်ဂျင်နီယာ ဦးချစ်သက်ဖော်၊ အငယ်တန်းအင်ဂျင်နီယာ ဦးအောင်ကျော်စိုးနှင့် အဖွဲ့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြကြသည်။**(အောက်ပုံ)**

### ဆောင်ရွက်ပေး

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေတွင်းပေါင်း ၃၂တွင်းတို့အား ကျေးလက်ဒေသ ပြည်သူများ အဆင်ပြေစွာဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အောင်မြင်စွာ တူးဖော် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**



## ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❒ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရေး။
- ❒ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❒ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❒ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❒ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး။
- ❒ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။



### ကြည့်ရှုစစ်ဆေး

ဩဂုတ် ၂၉ရက်က မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်ချိုချိုခင် ညောင်ပင်ရွာ-သင်ပြွန်းကျေးလက်တံတား ဆောက်လုပ်မှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

## ကျောက်မဲမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သာယာစာကြည့်တိုက်ဖွင့်၊ စာအုပ်များလှူဒါန်း

**ကျောက်မဲ စက်တင်ဘာ ၁၄**

ကျောက်မဲမြို့နယ် အေးသာယာစံပြကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သာယာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၁၂ရက်ကကျင်းပရာ အေးသာယာစံပြကျေးရွာကျောင်းထိုင်ဆရာတော်ဦးပညာသီရိ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဝင်းကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်သာယာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များကို ဦးစီးမှူး ဦးကျော်ဝင်းကိုက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်းက လက်ခံရယူသည်။

အလားတူ ဟုမ်းလိုင်းကျေးရွာတွင် တိုးတက်အောင်၊ နားအော်ကျေးရွာတွင် အလိမ္မာနှင့် ခေါက်ဝိုးလန်ကျေးရွာတွင် ရွှေတောင်ထိပ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်ပေးကြသည်။

**(ခရိုင် ပြန်/ဆက်)**

### ပေးအပ်

စက်တင်ဘာ ၂၀ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာ၌ကျင်းပရာ သက်ဆိုင်ရာတိုက်နယ်မှူး ဒေါ်ခင်စောသူက ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းဝေထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ် လဝက)



## မြန်မာ့အသံ

**၁-၁၀-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀း၀၀ ၂၀၀၆ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသား အမျိုးသမီးများ လေ့လာနိုင်ရန်(ဓမ္မပူဇာတေး)
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ-၁၇)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်အသုံးဝင် မင်းဂွတ်ပင်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အားဖြည့်လောင်း၍)
၁၃း၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (စာနာစိတ်ထား မေတ္တာပွား)
၁၆း၃၀ ထီပေါက်စဉ်-ဟောပြောချက် (စိုပြည်လှပ သက်ကြီးရွယ်အိုဘဝ)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)ဥယျာဉ်မှူး၏ စေတနာ (ခေါင်းကြီး)
(၂)မြတ်ဆရာပီပီ (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (သက်ကြီးရွယ်အိုဘဝအကြောင်း)

## စေတနာရှင်များ ဆက်သွယ်လှူဒါန်းနိုင်

**ဆားလင်းကြီး စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ညောင်ပင်အိုင်တောရရှိ စေတီပုထိုး၊ သာသနိက အဆောက်အအုံများ ဘက်စုံမွမ်းမံခြင်းလုပ်ငန်းများအား မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးစီးဆောင်ရွက်လျက်ရှိသည်။ လှူဒါန်းလိုသူ စေတနာရှင်များ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်း ဖုန်း–၀၇၁–၂၁၀၁၉၊ ၂၁၁၅၇၊ ၂၁၃၁၂၊ ၂၁၁၈၁ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**



## ပေးအပ်

**သထုံမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မိသားစုအတွင်း ရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများ နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပရာ သထုံမြို့နယ် ဦးစီးမှူး ဦးကျော်ဝင်းက မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကံဝင်းသို့ ပေးအပ်စဉ်။** (မြို့နယ်လဝက)



## ညောင်တုန်းမြို့နယ် ဥက္ကဋ္ဌဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲကွင်းဖွင့်

**ညောင်တုန်း စက်တင်ဘာ ၂၅**

အမျိုးသမီး အားကစားမြှင့်တင်ရေးနှင့် လက်ရွေးစင်အမျိုးသမီး ဘောလုံးသမားများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ချက်ဖြင့် ကျင်းပသော ၂၀၀၄ ခုနှစ် ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အမျိုးသမီးအကြိုးတန်းဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကိုစက်တင်ဘာ ၂၃ ရက်က ညောင်တုန်းမြို့နယ် ပြည်သူ့အားကစားကွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ် ဥက္ကဋ္ဌ ဦးထွန်းဇော်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အမျိုးသမီးဘောလုံးပြိုင်ပွဲကို စတင်ဖွင့်ပေးသည်။

ပြိုင်ပွဲတွင် ထိပ်ဝကြီးဇုန်အသင်းနှင့် ချောင်းကြီးဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိပ်ဝကြီးဇုန်အသင်းက ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဇုန် အမျိုးသမီးဘောလုံးအသင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲကို အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **(၀၉၈)**





## မန္တလေးအသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့် မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသို့ ဆွမ်းဆန်တော်ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၉

**မန္တလေးအသင်း(ရန်ကုန်)၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေး၊ ဘွဲ့ထူး၊ ဂုဏ်ထူးရ အသင်းသားဂုဏ်ပြုပွဲ၊ (၂၈) ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲနှင့် မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသို့ ဆွမ်းဆန်တော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အသင်းတိုက် ပထမထပ် ရတနာပုံခန်းမဆောင်၌ ကျင်းပသည်။**

ရှေးဦးစွာ အသင်းဥက္ကဋ္ဌဦးမောင်မောင်ကြီးက အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန်က နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားသည်။ ထို့နောက် အသင်းဥက္ကဋ္ဌက ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)ရ ဒေါက်တာခင်မောင်ညွန့် **(အပေါ်ပုံ)** တက္ကသိုလ်နောက်ဆုံးနှစ်နှင့် တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူ ၁၁ ဦးအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မန္တလေးချမ်းသာကြီးအသင်းသို့ အောက်မြန်မာပြည် အလှူခံဌာန(ရန်ကုန်)က ဆွမ်းဆန်တော် အလှူငွေကျပ် ၁၅၀၀၀၀၀ ပေးအပ်ရာ ဆန်လှူအသင်းဥက္ကဋ္ဌ ဦးသန့်ဇင်က လက်ခံရယူကြောင်း သိရသည်။ **(က–ပ)**

## အမြို့မြို့ အနယ်နယ် သတင်းများ

## လပွတ္တာမြို့နယ်တွင် ဒေါ်ကြင်ကြူတံတား တည်ဆောက်ရေးပန္နက်ရိုက် ကျပ် ၃၆သိန်း အကုန်အကျခံ အသစ်တည်ဆောက်သွားမည်

**လပွတ္တာ စက်တင်ဘာ ၂၀**

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဒေါ်ကြင်ကြူတံတား တည်ဆောက်ရေးလုပ်ငန်းကို စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးတင့်လွင်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှိုင်ဦးတို့က ကွင်းဆင်းပန္နက်ရိုက်ကြသည်။

အဆိုပါတံတားမှာ အလျား ၁၃၆ပေ၊ အနံ ၉ ပေရှိပြီး နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၂၁ သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့်ပြည်သူများ ပူးပေါင်းထည့်ဝင်ငွေ ကျပ် ၁၅ သိန်း စုစုပေါင်း ၃၆ သိန်းဖြင့် အကုန်အကျခံ အသစ်တည်ဆောက်သွားမည် ဖြစ်သည်။ **(ဝဲပုံ)**

**(မြို့နယ်စည်ပင်)**

## စုပေါင်းဆောင်ရွက်

**မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နှစ် (၆၀) မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဆယ်မောင် ဦးစီးသော တပ်ဖွဲ့ဝင်အင်အား ၁၂၀ တို့ သန်လျင်ပြည်သူ့ဆေးရုံကြီးတွင် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြစဉ်။**

(ခရိုင် ပြန်/ဆက်)





**မအူပင်မြို့ စိမ်းလန်း စိုပြည်ရေးနှင့် သာယာလှပရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးပြီးပျိုးပင်များ ပြန်လည်ဖြည့်တင်းနိုင်ရန်နှင့် ခရိုင်ပျိုးဥယျာဉ်တွင် ပျိုးပင်သုံးသိန်းပြည့်မီရေးအတွက် အဖွဲ့ဝင်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (က–ပ)

## လှိုင်းဘွဲ့မြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူး ကမ္ဘာ့ ရှေးဦးသူနာပြုစုခြင်းနေ့ အခမ်းအနားကျင်းပ

**လှိုင်းဘွဲ့ စက်တင်ဘာ ၁၈**

လှိုင်းဘွဲ့မြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ရှေးဦးသူနာပြုစုခြင်းနေ့ အခမ်းအနားကို စက်တင်ဘာ ၁၁ရက် နံနက်က အခြေခံပညာ အထက်တန်းကျောင်းခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစောမြမောင်က အမှာစကား ပြောကြားပြီး မြို့နယ်ကြက်ခြေနီ အသင်းဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းက ကြက်ခြေနီအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တပ်ရင်းမှူး ဒုတိယရဲမှူးကြည်ဝင်းက ကြက်ခြေနီတပ်ဖွဲ့ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကြက်ခြေနီစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဗိုလ်မှူးအုန်းမောင် (ငြိမ်း)

**(စစ်ကိုင်း)**

**B.A, R.L, D.B.L, D.M.L, D.I.L**

**(ဘီစီ–၇၀၈၈) ဗိုလ်သင်တန်းအပတ်စဉ်(၁၄)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် အမှတ် ၂၃၈၊ အခန်း ၁၂၊ ရန်ငြိမ်းလမ်းနေ(ဦးအောင်မြင့်–ဒေါ်အေးကြည်)တို့၏သား၊ (ဗိုလ်မှူးမြသန်း–ဒေါ်အေးခိုင်)တို့၏ညီ၊ ဗိုလ်ကြီးခင်စိန်မောင်၊ ဒေါ်ခင်မာရီ၊ (ဦးမြင့်နိုင်)၊ ဒေါ်သန်းသန်းဌေးတို့၏အစ်ကို၊ ဒေါ်မိမိအုန်း၏ခင်ပွန်း၊ ဦးစိုးသိန်း(M.D ခနအောင်ကုမ္ပဏီ)–ဒေါ်ခင်ချိုအုန်း(ဒု–တိုင်းဥပဒေအရာရှိ၊ ရန်ကုန်တိုင်းဥပဒေရုံး)၊ (ကိုသန်းထိုက်)၊ (ကိုတင်မောင်အုန်း)–မမြတ်မြတ်သင်းတို့၏ဖခင်၊ မောင်နေဖြိုးဇင် (ဒုသမတန်း–ဘီ၊ အထက–၂၊ ရန်ကင်း)၏အဘိုး သည် ၂၇–၉–၂၀၀၇ရက်(တနင်္လာနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၁၀–၂၀၀၇ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဒေါက်တာကျော်မိုးဇော် (အိမ်မဲ)

**(ခြူးစကြာ မြန်မာ့လက်ရက်ကန်းအထည်ဆိုင်)**

**အသက်(၅၁)နှစ်**

ဧရာဝတီတိုင်း၊အိမ်မဲမြို့နေ (ဦးစိန်ဘန်း–ဒေါ်တင်လှ)တို့၏စတုတ္ထသား၊ ပဲခူးတိုင်း၊ကဝမြို့နယ်၊နိဗ္ဗာန်ရွာနေ ဦးလှသောင်–(ဒေါ်ကလီ)တို့၏သားသမက်၊ အိမ်မဲမြို့နေ ဦးအုန်း–(ဒေါ်ကျင်သန်း)၊ ရန်ကုန်မြို့နေ ဦးခင်မောင်ဝင်း(မြို့တော်စည်ပင်)–ဒေါ်စမ်း(အလက–၂၊ဗဟန်း)၊ (ဦးဇော်ထက်)–ဒေါ်တင်မေအေး (သန်လျင် GTC)တို့၏ ညီ/မောင်၊ မောင်မျိုးဇေယျာ–မတင်တင်ခိုင်(အိမ်မဲမြို့နယ်ပညာရေးမှူးရုံး)တို့၏အစ်ကို၊ (ဦးတင်ဦး)၊ ဦးကြည်ဆန်း(မန်နေဂျာ၊ ဟိုတယ်/ခရီး)–ဒေါ်သက်မာ(အထပြ၊ငြိမ်း၊အထက–၃၊ တ/ဥက္ကလာပ)၊ ဦးအောင်နိုင်–ဒေါ်ခင်စောနွဲ့(စာရင်းကိုင်၊ငြိမ်း)တို့၏ ညီ/မောင်၊ ဒေါ်ခင်စန်းမြင့်၊ ဦးဇော်ဝင်း–ဒေါ်ဝင်းကြည်(အမက–၃၊ဒဂုံတောင်)တို့၏အစ်ကို၊ အမှတ်၁၂၅(E)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၄၈လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်နုနုရီ(အထပြ၊ငြိမ်း၊ခြူးစကြာမြန်မာ့လက်ရက်ကန်းအထည်ဆိုင်)၏ခင်ပွန်း၊ မမေသွယ်ခြူး(ပထမနှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊မောင်ဖြိုးသွန်းဇော်(နဝမတန်း–က၊ အထက–၆၊ဗိုလ်တထောင်)၊မောင်ဟိန်းထွဋ်ဇော်(အဋ္ဌမတန်း–က၊အထက–၆၊ ဗိုလ်တထောင်)တို့၏ဖခင်သည် ၂၈–၉–၂၀၀၇ရက်(အင်္ဂါနေ့)ည ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၁၀–၂၀၀၇ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာတင်တင်ဝင်း

ချစ်ခင်လေးစားရပါသော မမ ကွယ်လွန်သွားသည့်အတွက် ဆရာကြီးပါမောက္ခ ဒေါက်တာဒေးဗစ်ကျော်၊ သင်းသင်း၊ စည်သူတို့နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဝေဖြိုးဝင်း မိသားစု။**

**ဝမ်းနည်းကြေကွဲခြင်း**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်စိန် (ခြသေ့်လက်ဖက်ခြောက်၊ သုံးဆယ်မြို့)

**အသက်(၈၈)နှစ်**

ကျေးဇူးရှင် ဒေါ်ကျင်စိန် ကွယ်လွန်သည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း၊ ကျေးဇူးရှင်ဒေါ်ကျင်စိန် ကောင်းရာသုဂတိလားပါစေသော်။ **ဦးတင်ဝင်း–ဒေါ်နီ မိသားစု။**

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးသွင်မြင့် B.Com (A.A)

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက်(၆၃)နှစ်**

ဝန်ထမ်းရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ပို၏ခင်ပွန်း ဦးသွင်မြင့်သည် ၂၆–၉–၂၀၀၇ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝန်ထမ်းရေးရာဦးစီးဌာန ဝန်ထမ်းမိသားစု။**

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာ**

## ဒုအရာခံဗိုလ်ဝင်းကြည် (ငြိမ်း)

**(သံတွဲမြို့၊ ပြည့်ဝရွာ)**

**အသက်(၆၀)**

သံတွဲမြို့နယ်၊ ပြည့်ဝရွာနေ (ဦးမှိုင်းကြီး)–ဒေါ်ထွေးရင်တို့၏သား၊ ဦးဘရီ၏ညီ၊ ဒေါ်ကြည်၊ ဒေါ်ခင်စောရီ၊ (ဒေါ်ခင်စောမြင့်)တို့၏အစ်ကို၊ထောက်ကြန့်မြို့၊ ကွက်သစ်နေ ဗိုလ်ကြီးသန်းအောင်(ငြိမ်း)–ဒေါ်စန်းမြတို့၏ညီ၊ တောင်ငူမြို့နေ ဦးသန်းအောင်–ဒေါ်ချိုတို့၏အစ်ကို၊ ဒေါ်တင်လှိုင်၏သားသမက်၊ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ရဲမွန်ရွာ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေး ဗဟိုဌာန (VFRDC)နေ ဒေါ်စန်းကြူ၏ခင်ပွန်း၊ တကကဇော်မင်းဦး၊ (တသဇော်ဝင်း)၊ ကိုဇော်လင်း၊ မကြူကြူဝင်းတို့၏ဖခင်သည် ၂၉–၉–၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင်တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ကွယ်လွန်သွားပါသဖြင့် ၁–၁၀–၂၀၀၇ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)အအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ကိုမင်းစိုးမိုး(ခ)ထိုက်ထိုက်

**B.A (Myanmar) (မိတ္ထီလာ)**

**အသက်(၂၅)နှစ်**

မိတ္ထီလာမြို့၊ လင်းဇင်းရပ်၊ ရှမ်းဖက်ရိပ်သာနေ ဦးမြတ်ထွန်းဝင်း–ဒေါ်သန်းသန်းနုတို့၏ တစ်ဦးတည်းသောသား မောင်မင်းစိုးမိုး(ခ)ထိုက်ထိုက်သည် ၂၅–၉–၂၀၀၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၉–၂၀၀၇ရက်တွင် မြင်တော်ကန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာ**

## ဦးသိန်းဝင်း

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄) ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၅(စ)–၁ နေ(ဦးအုန်းမောင်–ဒေါ်မြသန်း)တို့၏သား၊ ဦးလှမောင်–(ဒေါ်ခင်သိန်းဆွေ)၊ ဒေါ်ခင်မြင့်မြင့်တို့၏မောင်၊ (ဦးရဲညွန့်)–ဒေါ်ထွေးသီ၊ ဦးလှထွန်း–ဒေါ်ခင်အေးအေးတို့၏အစ်ကိုသည် ၂၈–၉–၂၀၀၇ရက်(အင်္ဂါနေ့)နံနက် ၇း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

## မမြင့်မြင့်ကြည် LL.B(Law)

**အသက်(၃၃)နှစ်**

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်မွန်အိမ်ရာ၊ တိုက် ၅၊ အခန်း ၄၀၁ နေ ဦးသော့ငွေ–ဒေါ်မြသိန်းတို့၏သမီးထွေး၊ ကန့်ဘလူမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ (ဦးချမ်းသာ–ဒေါ်လှကြည်)တို့၏ သမီးချွေးမ၊ဦးလှသောင်း–ဒေါ်ဒေါင်းမေ၊ ဦးအုန်းခင်–ဒေါ်ခင်ဝင်း၊ ဦးဇော်မြင့်–ဒေါ်ခင်အေးလှ၊ ဦးမြဇော်–ဒေါ်တင်တင်ဌေးတို့၏ညီမ၊ တူ တူမ ၁၂ ယောက်တို့၏အဒေါ်၊ မယုသျှားချို၏မိခင်၊ ကိုဝင်းချို၏ဇနီးသည် ၂၈–၉–၂၀၀၇ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၉–၂၀၀၇ ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဗိုလ်ကြီးပီ၊အင်ဒရူး(စ်) (ငြိမ်း)

**ကြည်း–၆၂၉၆၊ ဗိုလ်သင်တန်းအပတ်စဉ်(၇)**

**အသက်(၈၂)နှစ်**

အမှတ် ၁၀၆/န၊ လေဆိပ်ရိပ်သာလမ်း၊ ၁၀ မိုင်၊ အင်းစိန်မြို့နယ်နေ [ဦးဂျေ၊အင်ဒရူး(စ်)–ဒေါ်ညို]တို့၏သား၊ ဒေါ်ခင်မြ၏ခင်ပွန်း၊ ဦးအေးသိန်း (အခွန်ဦးစီးမှူး၊ ငြိမ်း)–ဒေါ်ခိုင်ညိုဦး(အထက–၂၊ အင်းစိန်)၊ ဦးစိန်ဝင်း(လေဆိပ်စားသောက်ဆိုင်)–ဒေါ်ဇင်ဇင်မာ(ရန်ကုန်သမဝါယမဒီဂရီကောလိပ်)၊ ဒေါ်အေးအေးချို (ရန်ကင်းပညာရေးကောလိပ် J.I.C.A)၊ ဒေါ်ဖြူဖြူလတ် (အလက–၄၊ မင်္ဂလာဒုံ)၊ ဦးသိန်းမောင်လှိုင်မှီ–ဒေါ်စိုးစိုးမျိုး(အထက–၂၊အင်းစိန်၊ ငြိမ်း)၊ ဦးမောင်မောင်(Liz-Star)၊ ဒေါ်ထွေးထွေးမိုး(Myanmar Y.E.S Co:)၊ ဦးစိုးဝင်း (ခေတ္တ–မလေးရှား)–ဒေါ်မို့မို့ပို၊ ဦးမင်းမင်း (စီးပွား/ကူးသန်း)–ဒေါ်မာယာဖုန်း(I.S.Y)တို့၏ဖခင်သည် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ၂၈–၉–၂၀၀၇ရက်(အင်္ဂါနေ့) နံနက် ၆း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀–၉–၂၀၀၇ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရှင်ဂျော့ဂျက်ဘုရားကျောင်း(မင်္ဂလာဒုံ)၌ဝတ်ပြုဆုတောင်းပြီး မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဗိုလ်ကြီးပီ၊အင်ဒရူး(စ်) (ငြိမ်း)

**ကြည်း–၆၂၉၆၊ ဗိုလ်သင်တန်းအပတ်စဉ်(၇)**

**အသက်(၈၂)နှစ်**

အမှတ် ၁၀၆/န၊ လေဆိပ်ရိပ်သာလမ်း၊ ၁၀ မိုင်၊ အင်းစိန်မြို့နယ်နေ ကိုကျော်သူရမိုး–မနန်းပွင့်ဖြူ(C.B Bank၊ စော်ဘွားကြီးကုန်းဘဏ်ခွဲ)၊ မနန်းမေသူ၊ မသင်းနုရှိန်(Aquamarine Shipping)၊ မောင်ထွဏ်းလှိုင်မှီ(Air Myanmar)၊ မပုံ့ခိုင်ဇင်၊ မောင်လူရှင်းသန့်၊ မလှိုင်မှီမျိုး၊ မောင်ညီဆက်၊ မောင်ကျော်ခင်အောင်ဗလ၊ မသက်မြတ်နိုးမင်း(ISY)တို့၏အဘိုးသည် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ၂၈–၉–၂၀၀၇ရက်(အင်္ဂါနေ့) နံနက် ၆း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀–၉–၂၀၀၇ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရှင်ဂျော့ဂျက်ဘုရားကျောင်း(မင်္ဂလာဒုံ)၌ ဝတ်ပြုဆုတောင်းပြီး မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမြေးများ။

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်ကြီးစိန်ဝင်း (ငြိမ်း)

**ဗိုလ်သင်တန်းအပတ်စဉ်(၂၁)**

**အသက်(၆၉)နှစ်**

မန္တလေးမြို့၊ တရုတ်တန်းရပ်နေ (ဦးကျန်–ဒေါ်ကြည်)တို့၏သား၊ (ဒေါ်ရင်မေ)၏ခင်ပွန်း၊ (ဦးအောင်လွင်)–ဒေါ်ခင်မာနီ၊ ဦးမျိုးဝင်း(စတသ–၂၂)–ဒေါ်မြင့်မြင့်တု (အထက–၂၊ ဒဂုံ)၊ ဦးမြင့်ဝင်း–ဒေါ်သီသီတင်(M.F.T.B)၊ ဒေါက်တာနိုင်အောင်ဝင်း (တောင်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာန)–ဒေါ်နီလာမော်၊ ဦးညွှန့်ဝင်း–ဒေါ်ဥမ္မာဘိုတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုး၊ အမှတ် ၃၃၊ မဂ္ဂလမ်း၊ ကျောက်မြောင်းနေ ဗိုလ်ကြီးစိန်ဝင်း(ငြိမ်း)သည် ၂၇–၉–၂၀၀၇ရက် (တနင်္လာနေ့) ည ၁၀း၁၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁–၁၀–၂၀၀၇ရက် (သောကြာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ကျေးဇူးတင်ရှိခြင်း**

## ဒေါ်ခင်ခင်ဆွေ (B.Ed) (မြစ်ကြီးနား)

**အသက်(၅၁)နှစ်**

၃၁–၈–၂၀၀၇ရက်တွင် ကွယ်လွန်ခဲ့သော ဒေါ်ခင်ခင်ဆွေ(အထက်တန်းပြ၊ အထက–၃၊ မြစ်ကြီးနား)အား နာမကျန်းဖြစ်စဉ် ပြုစုကုသပေးခဲ့ကြသော ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများအားလည်းကောင်း၊ အစစအရာရာလိုလေသေးမရှိအောင် ကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟ၊ တပည့်၊ သားသမီးများအားလည်းကောင်း၊ ကွယ်လွန်စဉ် သတင်းစာမှဝမ်းနည်းကြေကွဲကြောင်း ဖော်ပြပေးခဲ့ကြသူများ၊ တယ်လီဖုန်း၊ ကြေးနန်း၊ စာတို့ဖြင့် အားပေးနှစ်သိမ့်ကြသူများ၊ လူကိုယ်တိုင်လာရောက်အားပေး နှစ်သိမ့်ကြသူများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝကို ပြည့်ပြည့်စုံစုံ ကူညီပေးခဲ့ကြသော အထက(၃)မှဆရာ ဆရာမများ၊ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဒုအရာခံဗိုလ်စိုးမြင့် (ငြိမ်း)

**တပ်မတော်(ရေ)**

**အသက်(၆၄)နှစ်**

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ ရေတပ်အိမ်ထောင်သည်လိုင်း ၅/၂၃နေ ဒေါ်အေးအေး၏ခင်ပွန်း၊ ဒေါ်အေးအေးစိုး (ဧရာဝတီရေတပ်စခန်းဌာနချုပ်၊ တပ်တွင်း မူကြိုကျောင်း)၊ ဒေါ်မင်းမင်းစိုး(တိရစ္ဆာန်နှင့်ပန်းဥယျာဉ်၊ ရန်ကုန်)–ဦးအောင်မန်း(ဟိုတယ်/ခရီး ဝန်ကြီးရုံး)တို့၏ဖခင်၊ မဆုမြတ်သဇင်၏အဘိုးသည် ၂၇–၉–၂၀၀၇ရက် နံနက် ၇း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

## ဒေါ်တင်လှ

**(မြောက်ဥက္ကလာပ)**

**အသက်(၅၅)နှစ်**

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၁၈ လမ်း၊ အိမ်အမှတ် ၇၀၆ နေ ဦးမူလတီး(အင်းလျားကန်ဟိုတယ်၊ အငြိမ်းစား)၏ဇနီး၊မောင်မြစိုး(Le Planteur Rest:)၊ မောင်ကျော်ကျော်စိုး(J.W Marriott Hotel Dubai)၊ မောင်ကျော်ကျော်ဝင်း(Dusit Inya Lake Hotel)၊ မအေးအေးဝင်း(J.W Marriott Hotel Dubai)၊ မအေးသီတာ (Savoy Hotel)တို့၏မိခင်သည် ၂၈–၉–၂၀၀၇ ရက်တွင် ကွယ်လွန်သွားပါ၍ ၂–၁၀–၂၀၀၇ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဒေါ်စကီနံ (ငါးသိုင်းချောင်း)

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊အမှတ် ၉၈၈၊ ယသဝတီ ၁၃ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်တင်တင်မြင့်–ဦးညွှန့်စိန်၊ဒေါ်ဝင်းဝင်း၊ မမြင့်မြင့်ချိုတို့၏မိခင်၊ မောင်တင်ဦး–မအေးစန္ဒာထွန်း၊ မတင်နုဝေ၊ မောင်စန်းညွှန့်၊ မောင်အောင်ပိုင်၊ မောင်အောင်ခိုင်၊ မောင်ခိုင်ထွန်း၊ မောင်ထက်လင်းအောင်တို့၏အဘွားသည် ၂၉–၉–၂၀၀၇ရက် မွန်းလွဲ ၁၂း၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၁၀–၂၀၀၇ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ကိုတင်ကိုကို(ခ)ဆန်နီ

**အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊အနောက်ရန်ကင်းမြို့နယ်၊ တိုက် ၁၊ အခန်း ၃၀၁ နေ ဦးမင်းဆွေ(ခ)ဦးမိုက်ကယ်(စစစ၊ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း)–ဒေါ်အေးအေးမြင့်တို့၏သားကြီး၊ ကိုသိန်းတိုး–မထားထားဦးတို့၏မောင်၊ ဦးနန္ဒာမာလာ(ခ)ကိုတင်တင်ကို၊ ကိုးစိုးမင်းအေး၊ ကိုမိုးမင်းအေး(Y.A)တို့၏အစ်ကို၊ လှိုင်မြို့နယ်နေ ဦးခင်မောင် – ဒေါ်သန်းတို့၏ သားသမက်၊မအေးအေးမြင့်(စစစ)၏ခင်ပွန်း၊ မဆုနန္ဒာတင်၏ဖခင်သည် ၂၉–၉–၂၀၀၇ရက် နံနက် ၄နာရီတွင်ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁–၁၀–၂၀၀၇ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး နံနက် ၁၁ နာရီတွင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

## လင်ချိန်စွိ(ခ)ဦးစိုးမြင့်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့နေ(ဦးထော်ငါး–ဒေါ်လုံမိ)တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၆၂၆ နေ (ဒေါ်ကျင်သန်း)၏ခင်ပွန်း၊ ဒေါ်ရှုကျင်၊ ဦးအုန်းလွင်–ဒေါ်မြမြသန်း၊ ဦးစန်းလွင်၊ ဒေါ်ကျင်ရီ (S.A.T၊ အထက–၆၊ မြောင်းမြ)၊ ကိုခင်ဇော်–မကျော့၊ ကိုဌေးအောင်၊ ကိုဌေးမြင့်–မတင်တင်ဌေး၊ ကိုခင်စိုးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၇–၉–၂၀၀၇ရက် ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၁၀–၂၀၀၇ ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**

## ဦးခင်ညို (စစ်တောင်း)

**ပွဲစားကြီး(ထွန်းဝ–ပွဲရုံ)**

**အသက်(၇၉)နှစ်**

မန္တလေးမြို့၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊ အကွက်အမှတ် ၂၅၅ နေ (ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဦးညိုအေး–ဒေါ်ခင်ခင်ကြည်၊ ဦးသန်းအောင်–ဒေါ်မြင့်မြင့်ကြည်၊ ဦးကြည်ဝင်း–ဒေါ်စိုးစိုးကြည်၊ ဒေါ်ကြူကြူနွယ်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည်၂၈–၉–၂၀၀၇ရက်(အင်္ဂါနေ့) ည ၁၁း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀–၉–၂၀၀၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဗိုလ်မှူးအုန်းမောင် (ငြိမ်း)

**(စစ်ကိုင်း)**

**B.A, R.L, D.B.L, D.M.L, D.I.L**

**(ဘီစီ–၇၀၈၈)**

**ဗိုလ်သင်တန်းအပတ်စဉ်(၁၄)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် အမှတ် ၂၃၈၊ အခန်း ၁၂၊ ရန်ငြိမ်းလမ်းနေ(ဦးအောင်မြင့်–ဒေါ်အေးကြည်)တို့၏ သား၊ ဒေါ်မိမိအုန်း၏ခင်ပွန်း၊ ဒေါ်တင်မာဝေ(လဝက၊ ရုံးချုပ်)၊ ဒေါ်အေးမာဝေ၊ ဦးတင်မောင်ဝင်း၊ ဒေါ်မိုးမိုးမာ(ဖောင်ကြီး၊ ဖောင်ကြီးတက္ကသိုလ်)၊ ဒေါ်မော်မော်မာ(လဝက၊ ရုံးချုပ်)တို့၏ဘကြီးသည် ၂၇–၉–၂၀၀၇ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁–၁၀–၂၀၀၇ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူတူ၊တူမများ။

## ဒေါ်တင်တင်ဦး (B.A)

**မန်နေဂျာ(ငြိမ်း)**

**မြန်မာ့ထုတ်ကုန်သွင်းကုန်လုပ်ငန်း**

**အသက်(၆၈)နှစ်**

ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုက် ၂၈၁/A၊ အခန်း ၁ နေ ဦးစိုးမှု–ဒေါ်ဒေါ်ခင်တို့၏သမီး၊ ဦးဘိုးဝ–ဒေါ်ခင်သိန်းတို့၏ချွေးမ၊ ဦးစိန်မြင့်(စီးပွား/ကူးသန်း၊ငြိမ်း)၏ဇနီး၊ (ဦးထွန်းတင်–ဒေါ်နွယ်နွယ်)၊ဦးဘလှ–(ဒေါ်ခင်ကြည်)၊ ဦးလှမောင်–ဒေါ်ကျော့ကျော့၊ ဒေါ်ခင်စိန်–(ဦးမြမောင်)၊ ဒေါ်ခင်မာကြူ–(ဦးတင်မောင်)၊ဒေါ်ခင်စောသန်း–ဦးမြင့်သိန်း၊ ဒေါ်နုနုခင်၊ (ဦးနီနီစိုးမှူး)တို့၏ ညီမ/အစ်မသည် ၂၈–၉–၂၀၀၇ရက် (အင်္ဂါနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၉–၂၀၀၇ ရက်(ကြာသပတေးနေ့)ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ။

## ဦးမောင်မောင်

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ သခင်မြလမ်း၊ အမှတ် ၁၅၀နေ(ဦးမြမောင်–ဒေါ်ခင်)တို့၏သား၊ (ဦးမောင်တင်–ဒေါ်စော)တို့၏ သားသမက်၊ ဒေါ်ခင်ခင်ကြီး၏ခင်ပွန်း၊ ကိုတင်ထွန်း၊ ဦးပညာ(ခ)ကိုမြတ်မင်း၊ ကိုသန့်ဇင်–မရီရီသန်း၊ မခင်မေသန်း (Olympic Co.,)၊ မစန္ဒာ(စန္ဒာဝင်းအပ်ချုပ်ဆိုင်)တို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၂၉–၉–၂၀၀၇ရက် နံနက် ၉း၅၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁–၁၀–၂၀၀၇ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ဓမ္မာသန

**အနောက်ချောင်းဒွါရဂိုဏ်း (ဂဏာဓိပတိ=သာသနာပိုင်)**

**သက်တော်(၉၀)၊ သိက္ခာတော်(၇၀)**

ဧရာဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ ကျုံတနီးကျေးရွာ၊ ရတနာမှန်ကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက အနောက်ချောင်းဒွါရဂိုဏ်းကြီး၏ ဂဏာဓိပတိသာသနာပိုင်(ဆဋ္ဌသင်္ဂီ တိကာရက ပါဠိဝိသောဓက)ဖြစ်တော်မူသော ဆရာတော်ကြီးသည် ၁၃၆၉ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်(၂၇–၉–၂၀၀၇ရက်)မွန်းလွဲ ၂း၁၅ နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၁၃၆၉ခုနှစ် တော်သလင်းလပြည့်ကျော် ၅ ရက် (၃–၁၀–၂၀၀၇ရက်) တနင်္ဂနွေနေ့တွင် အန္တိမဈာပနပူဇော်မည်ဖြစ်ကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဘဒ္ဒန္တ ဣန္ဒိဉာဏာဘိဝံသ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့်
တပည့်ဒါယကာ၊ဒါယိကာမများ၊ကျုံတနီးကျေးရွာ။

## ဦးစင်ကွန်းငေါ်

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၄လမ်း၊ အမှတ် ၇(တတိယထပ်)နေ (ဦးစင်ဘုဂေ–ဒေါ်တန်ဦးတီ)တို့၏သား၊ (ဦးအင်ကင်လင်း–ဒေါ်တန်ဆွိ)တို့၏သားသမက်၊ ဒေါ်အင်ကျင်တိတ်၏ခင်ပွန်း၊ ဦးစင်ဟိုက်တုန်–ဒေါ်ဌေးဌေးရီ၊ ဦးစင်ဟိုက်ဟုန်၊ ဦးစင်ဟိုက်တျောင်(ခ)ဦးတင်ဝင်း၊ ဒေါ်စင်ဟိုက်ရန်(ခ)ဒေါ်သင်းသင်းအေး၊ ဒေါ်စင်ဟိုက်လွန်(ခ)ဒေါ်နွယ်နွယ်ဝင်း–ဦးဘိုကျော်၊ ဦးစင်ဟိုက်ပင်း(ခ)ဦးစိန်ဝင်း၊ ဒေါ်စင်ဟိုက်အိန်(ခ)ဒေါ်ခင်ခင်အေး–ဦးခင်ဇော်(ခ)ကိုလတ်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၈–၉–၂၀၀၇ရက် (အင်္ဂါနေ့) ည ၈း၂၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၉–၂၀၀၇ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ဦးအောင်ရွှေ (မိတ္ထီလာ)

**လ/ထ ညွှန်မှူး(ငြိမ်း) မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း**

**အသက်(၇၅)နှစ်**

မိတ္ထီလာမြို့နယ်၊ အိုင့်ကျေးရွာ(ဦးဘိုးရီ–ဒေါ်ချို)၊ ရန်ကုန်မြို့ (ဦးဘဦး)–ဒေါ်သန်းတင်တို့၏သား၊ မောက်မယ်မြို့နေ ဦးတင်အောင်၊ မိတ္ထီလာမြို့ (ဦးခင်မောင်–ဒေါ်ကြီးစိန်)တို့၏ညီ၊ ဦးဖေသန်းဦး(MOFA)–ဒေါ်မြင့်မြင့်အေး၊ ဒေါ်စိန်မြိုင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက် ၅၇၊ အခန်း ၁၀၊ ၄ လမ်း၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်အိမ်ရာနေ (ဒေါ်မြမြသစ်)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးလှမင်း–ဒေါ်ရူပစိုး၊ ဗိုလ်ကြီးလှမျိုး(ငြိမ်း)(MCDC)–ဗိုလ်မှူးဒေါ်သီသီအောင်၊ ဦးလင်းနိုင်(သံလွင်ဦးပုံနှိပ်တိုက်)–ဒေါ်သော်တာ(မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ)၊ ဗိုလ်မှူးသက်ခိုင်–ဒေါ်တင်မာဝင်း၊ ကိုဘုန်းကျော်(United Machinery Group)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၈–၉–၂၀၀၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၉–၂၀၀၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊ဒါယကာကြီး**

## ဦးတင်ရွှေ

**လျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း)**

**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

**အသက်(၆၈)နှစ်**

မော်လမြိုင်မြို့နေ(ဦးပါ–ဒေါ်ဂွမ်း)တို့၏သားကြီး၊(ဦးသန်းမောင်–ဒေါ်သန်းကြည်)တို့၏သားသမက်၊ အမှတ် ၅၃၊ မလွကုန်းလမ်း၊ကျားကွက်သစ်ရပ်ကွက်နေ ဒေါ်ချိုချိုဝင်း၏ခင်ပွန်း၊ သီရိမောင်မောင်–မခင်နှင်းထက်၊ မောင်တင်မျိုးကိုကို၊ မောင်တင်မျိုးညီညီတို့၏ ဖခင်၊ ဝေယံမောင်မောင်၊ဆန်းဆင့်မောင်မောင်၊ မလင်းလက်မောင်မောင်တို့၏ ဘိုးဘိုး၊ ဦးလှရွှေ–ဒေါ်လှလှဦး(မြောက်ဒဂုံ)၊ ဒေါ်တင်ရီ၊ ဦးဉာဏ်ဝင်း–ဒေါ်သန်းသန်းအေး (အေလာ)၊ ဦးဉာဏ်လင်း–ဒေါ်အေးအေးဝင်း၊ ဦးနေထွန်း–ဒေါ်နှင်းဆီတို့၏ အစ်ကိုကြီးသည် ၂၉–၉–၂၀၀၇ရက် နံနက် ၂ နာရီတွင် အာရုတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁–၁၀–၂၀၀၇ ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးထွန်းဝင်း (မြိတ်မြို့)

**အသက်(၄၉)နှစ်**

မြိတ်မြို့၊ အမှတ် ၁၊ ၁ လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့နေ ဦးသာကြူး–(ဒေါ်မြခင်)တို့၏သား၊ [ဦးစံဟိုင်း(ခ)ဦးတန်ပေါလင် – ဒေါ်ရှုကြည်(ခ)ဒေါ်ချော]တို့၏သားသမက်၊ဒေါ်တင်တင်အေး၏ခင်ပွန်း၊ မမင်းမင်းသော်[Final Year(Law) ဒဂုံတက္ကသိုလ်]၊ မောင်ဖြိုးမင်းထွန်း [Final Year (Mathematics) အရှေ့ပိုင်းတက္ကသိုလ်]၊ မောင်ဟန်ဝင်းသော်(အထက–၃၊ လှိုင်)၊ မရီမာထွန်း(အထက–၃၊ မြိတ်မြို့)တို့၏ ဖခင်သည် ၂၉–၉–၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၁၂ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၃–၁၀–၂၀၀၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါ ရန်ကုန်ဆေးရုံသစ်ကြီးမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ ရန်ကုန်ဆေးရုံသစ်ကြီးမှ နံနက် ၁၀ နာရီတွင် ကားများ ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး**

## ဒေါ်ညွန့် (ပန်းတနော်၊ဝဲဒေါင့်)

**555 ပုရိုန်းသကြားလုံး**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၆၅၊ ၁၀ လမ်း၊ (၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်နေ (ဦးရောင်–ဒေါ်ပု)တို့၏သမီး၊ (ဦးတက်ကင့်)၏ဇနီး၊ (ဦးအမိုင်–ဒေါ်ကျင်လွမ်)၊ ကျန်းတိုက်ရှု(ခ)ဦးခင်မောင်ဝင်း–ဒေါ်ခင်အေး၊ ဦးဇော်မြင့်–ဒေါ်တင်ထားနွယ်တို့၏မိခင်၊ မတင်တင်ရွှေ၊ ကိုမြင့်အေး၊ ကိုစန်းအေး၊ ကိုမြင့်ဇော်၊ ကိုစန်းမောင်၊ မဥမ္မာသင်း၊ ကိုတင်ထွန်းအောင်၊ မသဇင်သင်း၊ ကိုကျော်ထွန်းအောင်၊ မအောင်အောင်သင်း၊ မရွှေရည်ဥ၊ မောင်ရဲရင့်အောင်တို့၏အဘွား၊ မြစ် ၁၃ ယောက်တို့၏ဘွားဘွားကြီးသည် ၂၆–၉–၂၀၀၇ ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၇ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀–၉–၂၀၀၇ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**

## အစွမ်(ခ)ဒေါ်လှမြင့်

**(ဝါးခယ်မ)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၃(A)၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးထန်ကီလှိုင်–ဒေါ်စိန်ချစ်)တို့၏သမီး၊ ဦးမျိုးမြင့်(ခ)ယိုအွန်းကက်၏ဇနီး၊ ဦးမောင်မောင်ခွန်း၊ ဒေါ်အေးအေးမြင့်၊ ဦးစံလှ၊ ဦးအောင်သက် – ဒေါ်သင်းသင်းစိန်၊ ဦးအောင်ငြိမ်း – ဒေါ်ခင်လှဝင်းတို့၏မိခင်၊ မောင်ထက်ကိုကို၊ မမိုးချစ်သဲ(ILBC)၊မောင်ဇေကိုကို(ဒဂုံ–၁)၊မောင်ခန့်ကိုကို (ဒဂုံ–၁)နှင့်မြေး ၁၀ ယောက်တို့၏အဘွားသည် ၂၉–၉–၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်ပါ၍ ၃–၁၀–၂၀၀၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**

**R. 488**

# တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသည့် နိုင်ငံတော်၏ပြုစင်သော စေတနာမှန်များ

- ပြည်နယ်၊ တိုင်း ၁၄ခုလုံး၌ နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်ကြရာ တစ်ဦးချမ်းသာ ကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာကျန်းမာ အောင် လုပ်ကိုင်ဆောင်ရွက်ပေးနေရကြောင်း။
- နိုင်ငံတော်အစိုးရသည် မိဘသဖွယ် မိမိ၏သွေးသား များဖြစ်သည့် တိုင်းရင်းသားများ ကောင်းစားရေး၊ ယင်းတို့၏ အနာဂတ်ကောင်းမွန်ရေးအတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားလုံးသည် ပြည်ထောင်စုကြီးအတွင်း၌ နေထိုင် လျက်ရှိကြသည်ဖြစ်ရာ မည်သည့်တိုင်းရင်းသား သားသမီးကိုမဆို သာစေ၊ နာစေဟူ၍မရှိကြောင်း၊ သားသမီးအားလုံးကို ဆင်စီးပြီး မြင်းရံစေချင်သည် မှာ အမှန်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံအကျယ်အဝန်း၊ သယံဇာတနှင့် လူဦးရေ အနေအထားအရ မိမိတို့ တိုင်းရင်းသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်နိုင်ပါက မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးသည့် ထိပ်တန်းနိုင်ငံ ဖြစ်လာနိုင်ကြောင်း။




စက်တင်ဘာ ၂၉ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု နည်းပြသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) **(သတင်းစဉ်)**

## လယ်ဧက ၂၅၀၀ ရေပေးဝေနိုင်မည့် ၁၆၅ ခုမြောက် မြို့သစ်ရေလှောင်တမံဖွင့် ဆည်ရေအကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေးဆောင်ရွက် မိမိဒေသအတွင်း ရိက္ခာဖူလုံရေး၊ လူနေမှုဘဝမြင့်မားရေး ဝီရိယစိုက်ထုတ်ကြိုးပမ်း

**ရန်ကုန် စက်တင်ဘာ ၂၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် မြို့သစ်ချောင်း ကျေးရွာအနီး မြို့သစ်ချောင်းပေါ်၌ ဆောက်လုပ် ပြီးစီးသွားသော မြို့သစ်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ရေလှောင်တမံမော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၆ ကော်လံ ၁*





### စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

လယ်ယာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြို့သစ်ရေလှောင်တမံ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန (စစ်ကိုင်း) တိုင်းက တာဝန်ယူ၍ မြို့သစ်ချောင်းပေါ်၌ တည်ဆောက်ထားသည့် လယ်မြေဧက ၂၅၀၀ ကို ဆည်ရေပေးဝေနိုင်ပြီး မြေသားတမံဖြင့် ဆောက်လုပ်ထားသော ၁၆၅ ခုမြောက် မြို့သစ်ရေလှောင်တမံ၏မြင်ကွင်းအလှကို ဤသို့တွေ့ရသည်။**
**ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)**



30-9 (20).p65 1 24.03.1905, 12:34 PM